မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၉၉)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည် သရုပ်ပြမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၆

ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲ များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပညာရေး ဝန်ကြီးဌာနနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ❐

ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

နိုင်ငံတကာ၌ အားကစား အောင်ပန်းဆင်နိုင်မှု နိုင်ငံနှင့်လူမျိုး၏ဂုဏ် ထင်ဟပ်ဖော်ဆောင်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကို ၁၉၄၆ ခုနှစ်မှ စတင်ဖွဲ့စည်း၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ရင်း အောင်နိုင်မှုသမိုင်းမှတ်တိုင်များ စိုက်ထူခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း(၆၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

အိုလံပစ်ကော်မတီ၏ သက်တမ်းတစ်လျှောက်တွင် အရှေ့တောင်အာရှမှသည် အာရှတစ်လွှားအထိ အောင်မြင်လွှမ်းမိုးသည့် မြန်မာအားကစား အကျော်အမော်များ ပေါ်ထွန်းခဲ့သည်။

ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့အားကစားနည်းများအနက် လက်ရွေးစင်ဘောလုံးအသင်းသည် အကြိမ်(၂၀)မြောက်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိခဲ့ပြီး အမျိုးသားအလေးမအားကစားပြိုင်ပွဲ၌လည်း ကမ္ဘာ့စံချိန်သစ် တင်နိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် အမျိုးသား အားကစားအဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ မြင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ အားပေးခဲ့သည်။

၁၉၉၃ ခုနှစ်တွင် အမျိုးသားအိုလံပစ်ကောင်စီကို ဖွဲ့စည်းပြီး အိုလံပစ်ကော်မတီကိုလည်း အားကစားအဆင့်အတန်းများ ဦးမော့လာစေရန် အားသစ်လောင်းပေးခဲ့သည်။

ယခုအခါ အမျိုးသားအိုလံပစ်ကောင်စီနှင့် ကော်မတီတို့၏ ဦးဆောင်မှု၊ အားကစားသမားများ၏ စွမ်းဆောင်ကြိုးပမ်းမှုနှင့် ပြည်သူများ၏ တစ်ခဲနက် အားပေးချီးမြှောက်မှုတို့ကြောင့် အောင်နိုင်မှု အကျိုးရလဒ်များ တိုးပွားရရှိလျက်ရှိသည်။

အမျိုးသားအားကစားအဆင့်အတန်းမြှင့်တင်ရေး ထိရောက်စွာ စွမ်းဆောင်နိုင်ရန် နိုင်ငံတကာနည်းတူ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ ဥပဒေရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် မီဒီယာအပိုင်းကဏ္ဍများကို ဟန်ချက်ညီညီ ဖြစ်ထွန်းတိုးတက်စေရန် ညှိနှိုင်းပူးပေါင်းကာ စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတကာ၌ မြန်မာ့အားကစားအောင်ပန်းဆင်နိုင်မှုသည် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးကို ထင်ဟပ်ဖော်ဆောင်လျက်ရှိပေရာ အမျိုးသားအားကစား မြှင့်တင်ရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဆိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	ဆရာတော် ဦးဃောသိတ တရားတော် **"သုညတိဆိုက်အောင်ရှုပါ"**

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"နှင်းခတဲ့ပျော်ရွှင်မှု"**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၃၀	၁၃။	လျှပ်တစ်ပြက်
၆:၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၇)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	FA CUP ဘောလုံးပွဲ Cardiff City Vs Tottenham Hotspur (Live)

ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ချီးမြှင့်အပ်နှင်း

ရန်ကုန် ဇန်နဝါရီ ၆

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော ရောဝတီတိုင်းမှ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့်ဇနီး၊ တိုင်းဦးစီး(ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးတင့်ဆွေနှင့် ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ် ဥက္ကဋ္ဌများ၊ လူမှုရေး အသင်းဝင်များ၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ရရှိသူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ၂၀၀၄ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူများကို လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်

တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ရောဝတီတိုင်းမှ ၂၀၀၄ခုနှစ်အတွက် စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်)ရရှိသူတစ်ဦး၊ (တတိယဆင့်)ရရှိသူတစ်ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)ရရှိသူတစ်ဦး၊ (တတိယဆင့်)ရရှိသူ ရှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်)ရရှိသူ တစ်ဦး၊ (တတိယဆင့်)ရရှိသူ ငါးဦး၊ ၂၀၀၅ခုနှစ်အတွက် စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)ရရှိသူ နှစ်ဦး၊ (တတိယဆင့်)ရရှိသူ သုံးဦး လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ရရှိသူ ခြောက်ဦး စုစုပေါင်း ၂၈ဦး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နိဗ္ဗာနဓမ္မဂုဏ်ရည် တရားတော် (သီတဂူဆရာတော်)
၇:၅၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ကိုကို (စက်မှုတက္ကသိုလ်)]
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်
၈:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၅၅	နိုင်ငံတကာအနုပညာရေးရာ
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	ချယ်ရီမြေမှ ပန်းပွဲတော်
၉:၄၅	မိုးလေဝသခန့်မှန်းချက်
၉:၅၀	Music Gallery (သီချင်းလေးမှတစ်ဆင့်)
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ပုဂံမြေဝယ်
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	မိသားစု တနင်္ဂနွေ (Central Forest Zone)
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	သဘာဝအလှ သနပ်ခါးက
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက် ပစ္စည်းများ
၁၁:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	Basic Computer Learning For Beginner Vol-(6)
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	အလှမှာ အယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၅၀	လင်းလက်တောက်ပ သဘော်ဆေးအလှ
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့်အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

အက်ဖ်အေဖလား ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၃၀	Cardiff City-Tottenham	5-Sports (Live)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ပညာရည်ထူးချွန်ဆုပေးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်နှင့် ရန်ကုန်ရောက် ခရမ်းသူ ခရမ်းသားများ၏ သားသမီးများအား ပညာရည် ထူးချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး အသင်း အတွင်းရေးမှူး ဦးအေးလွင်က ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ သမိုင်းနှင့် လုပ်ဆောင်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်အတွင်းနှင့် ရန်ကုန်ရောက် ခရမ်းသူ ခရမ်းသားများ၏ သားသမီးများအား ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

လက်ခံ

ထို့နောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)အတွက် အလှူရှင်များက ပေးအပ်သည့်အလှူငွေများကို ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဦးဆောင်နာယက ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကိုကိုကျော်၊ ဦးမြင့်ဆွေ၊ ဦးမြင့်လှိုင်နှင့် အတွင်းရေးမှူး ဦးအေးလွင်တို့က လက်ခံကြ၍ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပညာရည်ချွန်ဆုပေးပွဲတွင် ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ ခုနစ်ဦး၊ လေးဘာသာ ရှစ်ဦး၊ သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ ၁၉ ဦးနှင့် တစ်ဘာသာ ၂၈ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၇၀ တို့ ဖြစ်ကြသည်။

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) အတွက် အလှူငွေပေးအပ်သည့် အလှူရှင်ပေါင်းမှာ ၁၀၁ ဦးဖြစ်ပြီး စုစုပေါင်း အလှူငွေ ကျပ် ၄၆၈ သိန်း သုံးသောင်း ရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ကောင်းမြတ်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အိတ်ဆောင်မှတ်တမ်းများနှင့် ရွှေ့လျားပေါင်းစပ်မှု မှတ်တမ်းတင်ပိုစတာကားချပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) မိန့်မှာချက် အိတ်ဆောင်မှတ်တမ်းများနှင့် ရွှေ့လျားပေါင်းစပ်မှု မှတ်တမ်းတင်ပိုစတာကားချပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမ၌ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်း ဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် အလှူရှင်များဖြစ်ကြသော Myanmar CD–ROM WWW Group ဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ဇော်တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ငွေကျပ် ၈၀၆၀၀၀၀ တန်ဖိုးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)မိန့်မှာချက် အိတ်ဆောင်မှတ်တမ်းစာအုပ် နှစ်သောင်းနှင့် ရွှေ့လျားပေါင်းစပ်မှု မှတ်တမ်းတင် ပိုစတာကားချပ် (အိုင်တီ D ပရိုဂရမ် နည်းပညာ) သုံးချပ်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဓမ္မာနုပဿနာတရားတော် စုပေါင်းနာယူအားထုတ်မည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်၏ ဦးစီးပဓာနနာယက အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ကွယ်လွန်ခြင်း (၁၀)နှစ်မြောက် ဂါရဝပြုပူဇော်ပွဲနှင့် တရားအားထုတ် ကျေးဇူးဆပ်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် ဓမ္မာရုံတော်ကြီး၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနားတွင် ကျေးဇူးရှင်ဆရာကြီးနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ ဘွဲ့တံဆိပ်များ၊ ရှားပါးဓာတ်ပုံများ၊ လက်ရေးစာမူများ၊ ကျမ်းစာအုပ်များ၊ အသုံးအဆောင် ပစ္စည်းများကို ပြသပူဇော်ထားပြီး နေ့လယ်ပိုင်းတွင် ဆရာကြီး၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော် ချီးကျူး၍ ဓမ္မာနုပဿနာတရားတော်ကို စုပေါင်းနာယူတရားအားထုတ် ကျေးဇူးဆပ်ပူဇော်ကြမည်ဖြစ်ပါ၍ ဆရာကြီးနှင့် ပတ်သက်သော တပည့်သာဝကများ၊ ရန်ကုန်မြို့နှင့် အနယ်နယ် အရပ်ရပ်ရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ခွဲများမှ ယောဂီများ ကြွရောက်ပူဇော်နိုင်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

အထက (၁) မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

အထက(၁) မရမ်းကုန်း (သမိုင်း မြို့မကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို အထက်ပါကျောင်း၌ ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အပူဇော်ခံ အသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် စာရင်းတွင်မပါဝင်သေးသည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဒေါ်ခင်လှ ဖုန်း–၆၆၇၄၄၃၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း–၆၅၁၅၂၆၊ ဦးခင်သိန်း ဖုန်း–၀၉–၅၁ ၄၁၅၀၄၊ ဦးမောင်မောင်သိန်း ဖုန်း–၀၉–၅၁ ၃၁၆၀၈၊ ဦးအောင်ကြည် ဖုန်း–၆၆၃၀၇၂နှင့် ဒေါ်အေးအေးလှိုင် ဖုန်း–၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၀၈)**

အကြိမ်(၄၀)မြောက် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိမိုးကုတ်ဝိပဿနာ ဓမ္မကထိက ဦးဝိသိဋ္ဌဉာဏ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုကြသော ယောဂီများ ဇန်နဝါရီ ၅ ရက် နောက်ဆုံးထား၍ ဖုန်း–၅၅၉၆၀၄ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ရှေးဦး မီးငြိမ်းသတ်ရေး ပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန ရန်ကင်း ပစ္စည်းဝင်းတွင် ဒေါ်သောင်းသောင်း (အင်ဂျင်နီယာ) ကြီးကြပ်၍ ဇန်နဝါရီ ၅ ရက်က ပြုလုပ်ရာ တောင်ဥက္ကလာပနှင့် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ (စခန်းမှူး) ဦးကိုကိုကြီးနှင့် ဦးမျိုးမြင့် (တပ်ခွဲမှူး)နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြ မီးငြိမ်းသတ်ပြစဉ်။ (က–ပ)

ဇန်နဝါရီ ၄ ရက်က လမ်းမတော်မြို့နယ်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အထက(၁) လမ်းမတော်တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော် ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ပန်းချီ၊ ပန်းပုလက်ရာများ ပြန်လည်ထုတ်ယူနိုင်

ရန်ကုန် ဇန်နဝါရီ ၆

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ စီစဉ်မှုဖြင့် ပန်းချီ၊ ပန်းပုပြပွဲကြီးကို မန္တလေးမြို့ မြို့တော်ခန်းမတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ပြသခဲ့ရာ အဆိုပါပြပွဲကြီးတွင် တင်သွင်းပြသခဲ့သည့် အနုပညာရှင်များ၏ ပန်းချီ၊ ပန်းပုလက်ရာများကို ရန်ကုန်နှင့် မန္တလေး ပန်းချီ၊ ပန်းပုကျောင်းများ၌ ဇန်နဝါရီ ၆ ရက်မှ ၁၄ ရက်အထိ ရုံးချိန်အတွင်း ပြန်လည်ထုတ်ယူနိုင်ကြပြီး မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံးနှင့် အိုအေစစ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့အလှပန်းချီပြိုင်ပွဲဝင် ပန်းချီကားများကို ဗိုလ်ချုပ်ဈေးရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ရုံးခန်းသို့ ဇန်နဝါရီ ၃၁ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရေခဲရုပ်တုပွဲတော်၌ ပြသမည့် ရုပ်တုများ ပြုလုပ်နေကြသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီတလီ၌ ဖီးယက်ကားများရောင်းချရမှု မြင့်တက်

ရောမ ဇန်နဝါရီ ၅

အီတလီနိုင်ငံ မော်တော်ယာဉ်လုပ်ငန်းတစ်ခုဖြစ်သည့် ဖီးယက်မော်တော်ယာဉ်လုပ်ငန်းသည် ဖီးယက်မော်တော်ယာဉ်များ ရောင်းချမှုမှာ ပြီးခဲ့သည့် ၂၀၀၅နှစ်ကထက် ၁၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဈေးကွက်ဝေစုရရှိမှုမှာလည်း ၂၇ ဒသမ ၉၇ရာခိုင်နှုန်းမှ ၃၀ဒသမ ၇၃ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ၌ပင် မော်တော်ယာဉ် ရောင်းချရမှုမှာ ၂၀၀၅ခုနှစ်ကထက် ၀ ဒသမ ၉၃ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ သို့သော် ဈေးကွက်ဝေစုမှာ ၃၁ ဒသမ ၁၃ရာခိုင်နှုန်းမှ ၃၀ ဒသမ ၃၂ရာခိုင်နှုန်းသို့အနည်းငယ် လျော့ကျခဲ့သည်။

အီတလီနိုင်ငံတွင် မော်တော်ယာဉ်အသစ်များ ရောင်းချရမှုမှာ ပြီးခဲ့သည့် ၂၀၀၅ခုနှစ်ဒီဇင်ဘာလကထက် ၂ဒသမ ၅၅ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် မကြာမီနှစ်များကထက် ရောင်းအား တိုးမြင့်ခဲ့ကြောင်း သိရသည်။

ရောင်းချရမှု

၂၀၀၆ခုနှစ် စာရင်းအရ အီတလီနိုင်ငံတွင် မော်တော်ယာဉ်အသစ်များ စုစုပေါင်းရောင်းချရမှုမှာ ၂၃၂၀၉၉ ဖြစ်ပြီး ဖီးယက်မော်တော်ယာဉ်များ ရောင်းချရမှုမှာ အစီးရေ ၇၁၃၃၃စီး ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါတွင် ဆေးဖက်ဝင် အပင်မျိုးစိတ်၁၇၉၂ခု တိုင်းရင်းဆေးနှင့် ခေတ်မီဆေးဝါးများထုတ်လုပ်ရာ၌အသုံးပြု

ခတ္တမန္ဒူ ဇန်နဝါရီ ၆

နီပေါနိုင်ငံ၌ ဆေးဖက်ဝင်အပင်ပေါင်း ၇၀၀၀ပေါက်ရောက်လျက်ရှိရာ မျိုးစိတ်ပေါင်း၁၇၉၂ကို တိုင်းရင်းဆေးဝါးနှင့်ခေတ်မီဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိကြောင်း အာအက်စ်အက်စ်နယူးစ်အေဂျင်စီက ဇန်နဝါရီ ၃ရက်တွင် ဖော်ပြသည်။

ဖော်ပြ

ဆူရှီမာရာဂျန်ဘာရယ်နှင့် ပူရန်ပရာဆက်ကာမီတို့ ပူးတွဲရေးသားထားသော အပင်မျိုးကွဲများ စာအုပ်တွင် အလေ့ကျပေါက်ရောက်သော မျိုးစိတ် ၁၅၅၇မျိုးနှင့် လူတို့စိုက်ပျိုးသော မျိုးစိတ် ၂၃၅မျိုးရှိကြောင်း ဖော်ပြထားသည်။

စောင့်ရှောက်သင့်

ခတ္တမန္ဒူမြို့၌ ဇန်နဝါရီ၂ရက်က အခမ်းအနားဖြင့် ထုတ်ဝေသည့် အခမ်းအနား၌ သစ်တောရေးရာနှင့် မြေဆီလွှာထိန်းသိမ်းရေးဝန်ကြီး ဒီလန်ဒရာပရာဆက်ဘာဒူးက ပြောကြားရာတွင် တိုင်းရင်းဆေးအဖြစ် အသုံးပြုနေသော ဆေးဖက်ဝင်အပင်များကို ထိန်းသိမ်း စောင့်ရှောက်သင့်ကြောင်း၊ နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရန်အလို့ငှာ မှတ်ပုံတင်ထားသင့်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၆ခုနှစ်၌ တရုတ် လေကြောင်းပျံသန်းမှု သဘောတူညီချက် ၁၀၆ခု လက်မှတ်ရေးထိုးနိုင်ခဲ့

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံသည် ၂၀၀၆ ခုနှစ်က လေကြောင်းပျံသန်းရေးသဘောတူညီချက်ပေါင်း ၁၀၆ခုကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်း အထွေထွေအုပ်ချုပ်ရေးအဖွဲ့ (စီအေအေစီ)က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် လေကြောင်း အပြန်အလှန် ပျံသန်းမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို နိုင်ငံအများနှင့် သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ချုပ်ဆိုနိုင်

ထို့အပြင် အခြားသောနိုင်ငံပေါင်း ၂၂နိုင်ငံနှင့်လည်း လေကြောင်းပျံသန်းမှုဆိုင်ရာ သဘောတူညီချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ်ကုန်အထိ တရုတ်လေကြောင်းကုမ္ပဏီ ၁၅ခုမှနေ၍ ကမ္ဘာ့နိုင်ငံပေါင်း ၄၃ နိုင်ငံမှ မြို့ကြီးပေါင်း ၈၈မြို့သို့ ပျံသန်းပြေးဆွဲခဲ့သည်။

ပြေးဆွဲခဲ့

သီတင်းတစ်ပတ်လျှင် လေယာဉ်ခရီးစဉ်ပေါင်း ၁၃၀၇ခု ပျံသန်းခဲ့ပြီး ကုန်တင်လေယာဉ်များမှာ လေယာဉ်ခရီးစဉ်ပေါင်း ၂၀၄ ခုကို ပုံမှန်အပတ်စဉ် ပြေးဆွဲပေးခဲ့သည်။

ထို့အတူ ကမ္ဘာ့နိုင်ငံပေါင်း ၉၃ နိုင်ငံက လေကြောင်းခရီးစဉ်များကလည်း တရုတ်နိုင်ငံတစ်ဝန်း မြို့ကြီး ၃၁မြို့သို့ ပုံမှန်ပြေးဆွဲလျက် ရှိသည်။ ကုန်တင် လေယာဉ်များ သီတင်းတစ်ပတ် ပျံသန်းပြေးဆွဲမှုမှာ ပုံမှန်၃၀၇ခေါက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တူရကီ၌ တောင်တက်သမားနှစ်ဦးသေဆုံး

အင်ကာရာ ဇန်နဝါရီ ၆

တူရကီနိုင်ငံ အလယ်ပိုင်း နစ်ဒီပြည်နယ်ရှိ ဒီမီရာကာဇစ်တောင်ပေါ်သို့ တက်ရောက်ရန် ကြိုးစားနေသော တောင်တက်သမားနှစ်ဦးသည် တောင်ပေါ်တွင်ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် သေဆုံးသွားကြောင်း အနာတိုလီရာ သတင်းဌာနက ဇန်နဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေး အဖွဲ့ဝင်များက လိုက်လံရှာဖွေရာ သေဆုံးသူ တောင်တက်သမားနှစ်ဦးကို တွေ့ရှိခဲ့ရသည်။ ထိုနေရာသည် တောင်ခြေမှ အမြင့်မီတာ ၃၄၀၀ ရှိသည့်နေရာ၌ သေဆုံးသူနှစ်ဦးကို တွေ့ရှိရသည်ဟုဆိုသည်။

အဆိုပါ တောင်ပေါ်တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေခြင်းကြောင့် ရာသီဥတုဒဏ်မခံနိုင်ဘဲ တောင်တက်သမားများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း အခြားတောင်တက်သမားနှစ်ဦးကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တစ်ဦးမှာ ဒဏ်ရာရရှိနေပြီး အခြားတစ်ဦးမှာအခြေအနေကောင်းမွန်ကြောင်း သိရသည်။

တောင်တက်သမား စုစုပေါင်းမှာ ခြောက်ဦးရှိပြီး ကျန်လူများကို ရှာဖွေနေဆဲဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်သန်းပေါင်းများစွာက ဒိုင်နိုဆောရုပ်ကြွင်း

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ဒိုင်နိုဆောရုပ်ကြွင်းတစ်ခုကို တူးဖော်တွေ့ရှိစဉ်။ (ဝဲပုံ)

စပိန်နိုင်ငံ တီအူးလ်မြို့အနီး ဘာရီရိုဟွန်ဒါဒီရိုဗီးရာ ကျေးရွာအပြင်ဘက်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အသက်ရှင် ကျက်စားခဲ့သော ဒိုင်နိုဆော သတ္တဝါတစ်ကောင်၏ ရုပ်ကြွင်းဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

စကိတ်စီးရင်း လက်ထပ်ကြသူများ

စကိတ်စီးရင်း လက်ထပ်ပွဲဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံရှိ ရေခဲများဖုံးလွှမ်းနေသော ဝူဟူတောင်ပေါ်တွင် တရုတ်နိုင်ငံသား မင်္ဂလာမောင်နှံ၁၁တွဲတို့က ရေခဲပြင်ပေါ်၌ စကိတ်စီးရင်း မင်္ဂလာလက်ထပ်ပွဲ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

အီတလီ၌ နိုင်ငံတကာပရိဘောဂပြပွဲ ပြုလုပ်မည်

ရောမ ဇန်နဝါရီ ၆

အီတလီနိုင်ငံမြောက်ပိုင်း မီလန်မြို့တွင် နိုင်ငံတကာပရိဘောဂပြပွဲကို လာမည့်ဧပြီ၁၈ရက်မှ ၂၃ရက်အထိခင်းကျင်းပြသမည်ဖြစ်ကြောင်း အီတလီသတင်းဌာန အင်ဆာက ဇန်နဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါပြပွဲကို အီတလီနိုင်ငံ သစ်ထည်ပစ္စည်းနှင့် ပရိဘောဂလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဒီဇိုင်းပုံစံသစ်များကိုလည်း မိတ်ဆက် ပြသပေးသွားမည် ဖြစ်သည်။

ယခုခင်းကျင်းပြသမည့် အပြည်ပြည်ဆိုင်ရာ ပရိဘောဂပြပွဲတွင် နိုင်ငံတကာမှ ကုမ္ပဏီပေါင်း ၅၀၀ခန့် ပါဝင်ပြသကြမည် ဖြစ်သည်။

အီတလီနိုင်ငံ သစ်ထည်ပစ္စည်းနှင့် ပရိဘောဂလုပ်ငန်းအနေဖြင့် ၂၀၀၆ ခုနှစ်က ယူရို၃၇ဒသမ ၉ဘီလီယံဖိုးခန့်ထုတ်လုပ်နိုင်ခဲ့ပြီး ယခင် ၂၀၀၅ ခုနှစ်က ယူရိုငွေ၃၆ဒသမ၉ ဘီလီယံဖိုးခန့် ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံ၏ ပရိဘောဂများ ပြည်ပတင်ပို့မှုသည် ယခင် ၂၀၀၅ခုနှစ်ကထက် ၄ဒသမ ၆ ရာခိုင် နှုန်းတိုးမြင့်ခဲ့ပြီး ယူရိုငွေ ၁၂ဒသမ ၅ ဘီလီယံရှိခဲ့သည်ဟု အင်ဆာကသတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရန်ကင်း ပြည်သာယာဘောက်ထော်ရှိ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် တာမွေမြို့နယ် အမှတ်(၆၃) မျိုင်းရေအိုးစင်လမ်းနေ ဦးမြင့်ဆွေအားရည်စူး၍ ဇနီး ဒေါ်ခင်စန်းမြင့်၊ သား ကိုကျော်မင်းဦး၊ ကိုမင်းမင်းဇော်၊ ကိုဝေလျှံဖြိုး ကြယ်တံခွန်ရတနာမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ (ပိဋကတ်တစ်ပုံခွဲဆောင်) သီတဂူကြာတစ်ပွင့်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ဝ)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီရိပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီရိပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ်အရှင် ဝိသုဒ္ဓရုံသီသည် ပြာသိုလပြည့်ကျော် ၈ ရက် (ဇန်နဝါရီ ၁၀ ရက်) ညတွင် သန်လျင်မြို့ ရန်ကုန်တောင်ပိုင်းခရိုင်လုံးဆိုင်ရာ သုဓမ္မာနိကာယဝိနည်းဓာတော်ပြန်ပွဲ၊ ဇန်နဝါရီ ၂၀ ရက်ညတွင် ပျော်ဘွယ်မြို့နယ် ဇီးတောရွာ ကိုသိန်းဇော်-မသန်းသန်းဌေး မိသားစုတို့၏ ရဟန်းခံရှင်ပြု အလှူမင်္ဂလာအကြိုပွဲ၊ ၂၁ ရက် နံနက်ပိုင်းတွင် ဇီးတောကျောင်းဓမ္မာရုံ၌ အနမတဂ္ဂတရား၊ ၂၄ ရက်နှင့် ၂၅ ရက်ညများတွင် နေဖြူမြို့နယ် ဖန်ခါးကွင်းကျောင်း သက်တော်ရှည် ဆရာတော်၏ ဝိဇာတ မင်္ဂလာအကြို တရားပွဲ၊ ဖေဖော်ဝါရီ ၃ ရက် ၂ ရက်ညများတွင် ပျော်ဘွယ်မြို့နယ် ဇီးတောရွာ ဦးကျော်မြင့်-ဒေါ်တင်မြင့်မိသားစုတို့၏ ဘုရားပွဲအကြိုအထူးတရားပွဲ၊ ၃ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓပူဇနီယပွဲ၊ ၁၀ ရက်ညတွင် မြောက်ဥက္ကလာပ ဝေဘာဂီ မြို့သစ်(၇)ရပ်ကွက် ဓမ္မာရုံများတွင် ဟောကြားမည်ဟု သိရသည်။ (က-ဝ)

ရန်ကုန်တိုင်း သဃင်္န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နန်းလီက ဆုရရှိသူ ရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ဝ၅၂)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲနှင့် ပထမအဆင့်အုပ်စုပွဲစဉ် ယနေ့စတင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်ကို ဇန်နဝါရီ ၇ ရက် (ယနေ့) **ညနေ ၃ နာရီခွဲ၌ လှုယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။**

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ကျင်းပရေးအသင်း အုပ်ချုပ်သူများအစည်းအဝေးနှင့် အုပ်စုပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)အိုလံပစ်ဟိုတယ်(၂)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးဦးဘုန်းဇော်တင်ကအဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်(ဂိုး)က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ယှဉ်/လေ့)ဦးစိုးသိမ်းက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍တက်ရောက်လာကြသော ပြိုင်ပွဲဝင်အသင်းများ အုပ်ချုပ်သူနှင့် နည်းပြများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပထမအဆင့်အုပ်စုပွဲစဉ်များကို မဲနှိုက်ရေးဆွဲသည်။

အုပ်စုလေးစု

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ပထမအဆင့်အုပ်စုပွဲစဉ်များကို လေးသင်းပါဝင်သောအုပ်စု လေးစုခွဲ၍ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ လှုယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၊ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပါဝင်ကြ

အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စု(က)၌ တနင်္သာရီတိုင်းအသင်း၊ ကယားပြည်နယ်အသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်း၊ အုပ်စု(ခ)၌ မကွေးတိုင်းအသင်း၊ ချင်းပြည်နယ်အသင်း၊ မန္တလေးတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ အုပ်စု(ဂ)၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အသင်း၊ ပဲခူးတိုင်းအသင်း၊ စစ်ကိုင်းတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ အုပ်စု(ဃ)၌ ဧရာဝတီတိုင်းအသင်း၊ ကရင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ပါဝင်ကြသည်။

ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များနှင့် တတိယနေရာလုပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၇ ရက်(**ယနေ့**) ညနေ ၃ နာရီခွဲတွင် လှုယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအပြီးတွင် ပွဲဦးထွက်အဖြစ် အုပ်စု(ခ)မှ မကွေးတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဧရာဝတီတိုင်းအသင်း

လက်ရွေးချယ်ပီယံ ဧရာဝတီတိုင်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်၊ အုပ်ချုပ်သူအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ နည်းပြများအဖြစ် ဦးတင်ငြိမ်းနှင့် ဦးကျော်ဇော၊ ဒိုင်လူကြီးအဖြစ် ဦးမျိုးညွန့်၊ အားကစားသမားများအဖြစ် သောင်းညွန့်(ဂိုး)၊ ဖေယျာလှိုင်(ဂိုး)၊ သန့်ဇင်ငြိမ်း၊ မျိုးမင်းသန်း၊ မျိုးမင်းဦး၊ ဇော်လင်းအောင်၊ ဇော်ဦး၊ ကျော်ဇင်ဝင်း၊ ရဲမိုး၊ တင်မောင်လတ်၊ ယဉ်ထွေး၊ အောင်အောင်ကျော်၊ အောင်ကိုကိုထွန်း၊ ကျော်ကိုကိုဇော်၊ မင်းဇော်ဦး၊ အောင်နိုင်ဝင်း၊ သတိုးထွန်း၊ ကျော်သူရစိုး၊ အောင်မျိုးသူတို့ပါဝင်ကြသည်။

ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်လေးကာ၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်ဝင်း၊ နည်းပြများအဖြစ် ဦးခင်မောင်သန်းနှင့် ဦးညွန့်တင်၊ အားကစားသမားများအဖြစ် အောင်မျိုးဟန်(ဂိုး)၊ သက်နိုင်ဦး(ဂိုး)၊ ကျော်ဖေယျ၊ မောင်ထွန်း၊ ကျော်မျိုးထွန်း၊ မျိုးမင်းလတ်၊ အေးမင်းစိုး၊ ကြည်သာ၊ ဉာဏ်လင်း၊ ဇော်ငြိမ်း၊ ထွန်းထွန်းနိုင်၊ ရွှေဘော်၊ ဇာနည်ကျော်ဌေးမြင့်၊ မောင်သိန်း၊ ရဲလင်း၊ ထွန်းဝင်း၊ ထွန်းထွန်းဝင်း၊ ညီညီထွဋ်၊ ထက်အောင်၊ စိုင်းကျော်သူရအောင်တို့ ပါဝင်ကြသည်။

ရန်ကုန်တိုင်းအသင်း

ရန်ကုန်တိုင်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်လတ် (အောင်တံခွန်သယ်ယူပို့ဆောင်ရေး)၊ နည်းပြများအဖြစ် ဦးပေါက်စီနှင့် ဦးဝင်းဇော်အောင်၊ ဒိုင်လူကြီးအဖြစ် ဦးသန်းဦး၊ အားကစားသမားများအဖြစ် နိုင်ဖေယျာထွန်း(ဂိုး)၊ ကိုကိုနိုင်(ဂိုး)၊ အောင်ကျော်ရွှေ(ဂိုး)၊ ကျော်ကျော်စိုး၊ ကျော်ကျော်အောင်(၁)၊ တင်ဝင်း၊ ဇော်မျိုးထွန်း၊ ရဲလင်းဦး၊ သန့်ဇင်ဦး၊ ဇော်ဇော်ဦး၊ ဇော်မင်းထွန်း၊ ဇင်ညီညီအောင်၊ ကျော်ကျော်အောင် (၂)၊ အောင်နိုင်ဦး၊ ထိန်လင်း၊ ဝဏ္ဏအောင်၊ နမ်းဝေအောင်၊ မျိုးဇော်၊ မျိုးမင်းထက်၊ စိုးလင်းထက်တို့ ပါဝင်ကြသည်။

မကွေးတိုင်းအသင်း

မကွေးတိုင်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယရဲမှူးကြီးသိန်းဌေး၊ အုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ နည်းပြများအဖြစ် ဦးတင်မျိုးအောင်နှင့် ဦးအောင်အောင်၊ ဒိုင်လူကြီးအဖြစ် ဦးထင်လင်းအောင်၊ အားကစားသမားများအဖြစ် လှမင်း(ဂိုး)၊ ပြည့်ဖြိုးဦး(ဂိုး)၊ ထွန်းထွန်းနိုင်၊ မင်းမင်းသူ၊ မင်းမင်းဦး၊ ဖေယျာအောင်၊ အောင်နန္ဒဝင်း၊ အောင်ဇော်ဌေး၊ အောင်ဝင်း၊ သန်းဇော်လင်း၊ ဝေမင်းဟန်၊ ဖုန်းပြည့်ဖြိုး၊ ဟိန်းထက်အောင်၊ ဟိန်းဇော်ထွန်း၊ မျိုးမင်းထွန်း၊ မျိုးနိုင်ဦး၊ ဝင်းမင်းစိုး၊ ရဲနေဇာ၊ နိုင်လင်းထွန်း၊ နိုင်နိုင်အောင်တို့ပါဝင်ကြသည်။

စစ်ကိုင်းတိုင်းအသင်း

စစ်ကိုင်းတိုင်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ အုပ်ချုပ်သူအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်၊ နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးကျော်စိုး၊ ဒိုင်လူကြီးအဖြစ် ဦးတင်ဝင်းညွန့်၊ အားကစားသမားများအဖြစ် စိုးမင်းထွန်း(ဂိုး)၊ အောင်ကိုမြတ်(ဂိုး)၊ ကျော်ကျော်စန်း၊ ကျော်ဝင်း၊ အောင်ဟိန်းကျော်၊ ကျော်သူရ၊ သီဟကျော်၊ သက်မွှေဘေး၊ ကျော့မောင်မောင်သွင်၊ အောင်သိန်းထွန်း၊ ဇင်မိုးအောင်၊ ဉာဏ်သိန်း၊ မြင့်ထွေး၊ အောင်မင်းတိုး၊ စောဇင်ဦး၊ စည်သူရှိန်၊ မျိုးမြင့်ဦး၊ ထွန်းထွန်းနိုင်၊ ငြိမ်းချမ်းနှင့် အောင်အောင်တို့ပါဝင်ကြသည်။

ကချင်ပြည်နယ်အသင်း

ကချင်ပြည်နယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ထွန်း၊ အုပ်ချုပ်သူအဖြစ် ဦးမြင့်ဆွေ၊ နည်းပြများအဖြစ် ဦးအောင်နိုင်စိုးနှင့် ဦးသူရ၊ ဒိုင်လူကြီးအဖြစ် ဦးမင်းအောင်၊ အားကစားသမားများအဖြစ် ဉာဏ်မိုးထွန်း(ဂိုး)၊ မျိုးညွန့်သွင်(ဂိုး)၊ ထင်လင်းထွန်း၊ မျိုးလင်း၊ နေလင်းထွန်း၊ ဇော်မင်းနောင်၊ သူရအောင်၊ ဇော်လုံး၊ ဇင်မင်း၊ ဝေဖြိုး၊ နန္ဒလှိုင်၊ အောင်ကျော်ဇင်၊ ဆန်းထွန်းဦး၊ ရန်နောင်ဦး၊ ထွန်းထွန်းဟိုး၊ စောမြတ်မိုး၊ စိုင်းသန်းအောင်၊ ဇာနည်ထွန်း၊ ကျော်မျိုးဝင်းနှင့် ဝင်းသူတို့ပါဝင်ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး - ကိုဌေး

အင်္ဂါဂြိုဟ်ဆင်းယာဉ်များ လုပ်နိုင်စွမ်းမြှင့်တင်မှုစမ်းသပ်

အင်္ဂါဂြိုဟ်ပေါ်သို့ လွှတ်တင်ထားသည့် စက်ရုပ်အင်္ဂါဂြိုဟ်ဆင်းယာဉ်နှစ်ခု၏ လုပ်နိုင်စွမ်းရည်မြှင့်တင်မှုကို နာဆာအဖွဲ့က စမ်းသပ်လျက်ရှိသည်။ နာဆာမှ အကာကာသသိပ္ပံပညာရှင်များက အင်္ဂါဂြိုဟ်ဆင်းယာဉ်နှစ်ခု၏ ကျွမ်းကျင်မှုအသစ်လေးမျိုးကို စတင်စမ်းသပ်လျက်ရှိနေသည်။ နာဆာ၏

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

အင်္ဂါဂြိုဟ်ဆင်းယာဉ် နှစ်ခုဖြစ်သည့် စပရစ်နှင့် အပေါ်ကျူနစ်တီတို့မှာ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ ရောက်ရှိနေသည်မှာ သုံးနှစ်နီးပါးရှိပြီဖြစ်သည်။

စပရစ် ဂြိုဟ်ဆင်းယာဉ်က အင်္ဂါဂြိုဟ်ပေါ်တွင် ဖုန်လေပွေသက်ဝင်လှုပ်ရှားမှုများကို ဒါဇင်နှင့်ချီပြီး ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်။ ထို့အပြင် ဂြိုဟ်ဆင်းယာဉ် နှစ်ခုစလုံးအနေဖြင့် အင်္ဂါဂြိုဟ်ပေါ်ရှိ တိမ်များကိုလည်း ဓာတ်ပုံရိုက်ယူခဲ့ကြသည်။

ကျွမ်းကျင်မှု စွမ်းရည်တစ်ရပ်မှာ အင်္ဂါဂြိုဟ်၏ တိမ်များ၊ ဖုန်ထုများကို လေ့လာရာတွင် သင့်မသင့်ဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ အခြားကျွမ်းကျင်မှု စွမ်းရည်တစ်ရပ်မှာ ဂြိုဟ်ဆင်းယာဉ်များရွေ့လျားစဉ် ထူးခြားသော မြေမျက်နှာပြင်များကို မှတ်သား သတင်းပေးပို့နိုင်ရေးဖြစ်သည်ဟု နာဆာက ပြောဆိုသည်။ (အင်တာနက်)

စပေါင်းသန့်ရှင်း

ရန်ကုန် ဇန်နဝါရီ ၆

မိုးညှင်းခရိုင်မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ ၅ရက်က ဒုဦးစီးမှူး(သန့်) ဦးတင်ကိုလွင် ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများဖြင့် ပြည်ထောင်စုလမ်းမကြီးဘေး ဝဲ/ယာတစ်လျှောက် စပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဦးစိုးညွန့်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် စည်ပင်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျင်းပရာ တတိယတန်း၌ ဘာသာစုံ ပထမနှင့် ဘာသာရပ်လေးခုတွင် ပထမရရှိသော မမြတ်ပန်းဖြူအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ဝ)

ပြည်ပမှဝယ်ယူနေရသည့်ပစ္စည်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ခေတ်နှင့်အညီ ရော်ဘာပစ္စည်းထုတ်လုပ်မှုကဏ္ဍသစ်တည်ဆောက် ပြည်တွင်းပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်နိုင်ရန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသော ရော်ဘာပစ္စည်းပြပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းစိန် ရထားစက်ခေါင်း စက်ရုံ၌ ကျင်းပသည်။

ပိုမိုကောင်းမွန်

ပြပွဲတွင် ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က အမှာစကားပြောကြားရာတွင် ယခင်က ပြည်တွင်းစက်ရုံများ၌ လိုအပ်သည့် ရော်ဘာစက်အစိတ်အပိုင်းများ၊ ဆန်စက်ရော်ဘာ ကြိတ်လုံးများ၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထား၊ လယ်ထွန်စက်သုံး ရော်ဘာပစ္စည်းများ၊ ပုံနှိပ်စက်သုံးရိုလာ အစရှိသည့် ရော်ဘာအသုံးအဆောင်များ၊ အိမ်အသုံးအဆောင်၊ လူအသုံးအဆောင် ရော်ဘာပစ္စည်းများကို ပြည်ပမှ မှာယူသုံးစွဲခဲ့ပြီး အနည်းအကျဉ်းကိုသာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ **ယခု ပြည်တွင်းလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုဖြင့် ယခင်နိုင်ငံခြားမှ ဝယ်ယူနေရသည့် ရော်ဘာပစ္စည်းမြောက်မြားစွာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊** ဤပြပွဲကို ယခုကဲ့သို့ ပြသခြင်းအားဖြင့် ရော်ဘာပစ္စည်းသုံးစွဲသူနှင့် ထုတ်လုပ်သူများ တွေ့ဆုံပြီး ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။

ထို့အတူ သုံးစွဲသူအချင်းချင်း အကြံကောင်း၊ ဉာဏ်ကောင်းများ ဖလှယ်နိုင်ကြမှာဖြစ်သကဲ့သို့ ထုတ်လုပ်သူ လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံမိပြီး မိမိတို့လုပ်ငန်းများကို ယခုထက် တိုးတက်အောင် အနာဂတ်တွင် မည်သို့ စီမံဆောင်ရွက်ကြမည်ဆိုသည့် အကြံသစ်၊ ဉာဏ်သစ်များကို ဆွေးနွေးပြီး ခေတ်နှင့်အညီ ရော်ဘာပစ္စည်းထုတ်လုပ်မှုကဏ္ဍသစ်ကို တည်ဆောက်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ရော်ဘာလုပ်ငန်းအားလုံးသည် အသေးစားလုပ်ငန်းများဖြစ်ကြသဖြင့် တစ်ဦးချင်းအနေဖြင့် အရင်းအနှီး အားနည်းနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုထိရောက်သော နည်းပညာများရရှိရေး၊ **ပြည်တွင်းပြည်ပ ဈေးကွက်များ ထိုးဖောက်ရေး၊ ဝယ်ယူသူ လိုအပ်သည့် ပစ္စည်းအမျိုးအစားကို အရေအတွက်နှင့် အရည်အသွေးရရှိအောင် ထုတ်လုပ်နိုင်ရေးတို့မှာ အနည်းနှင့်အများ ချို့တဲ့အားနည်းနေမည်ဖြစ်ကြောင်း၊ ယင်း**

ရော်ဘာပစ္စည်းနှင့်ရော်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရော်ဘာပစ္စည်းပြပွဲတွင် ပြသထားသော စက်အရန်ပစ္စည်းနှင့် အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာစဉ်။ (ရထား)

အားနည်းချက်များကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် စုစုစည်းစည်း အသင်းဖွဲ့စည်းခြင်း၊ စုပေါင်းအင်အားဖြင့် လိုအပ်သည့် နည်းပညာရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးနှင့် စံချိန်စံညွှန်းများကို ထိန်းသိမ်းရေး၊ ပြည်တွင်းပြည်ပဈေးကွက်များကို ပိုမိုထိုးဖောက်ပြီး မိမိလုပ်ငန်း ရှင်သန်ကြီးထွားရေး စသည်များကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ပိုမိုထိုးဖောက်

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လုပ်ငန်းငယ်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင် ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းတူရာများကို အသင်းဖွဲ့စည်းပြီး စုပေါင်း ရင်ဆိုင်ကျော်လွှားသည့် အလေ့အကျင့်မှာ ရေပန်းစားနေပြီဖြစ်ကြောင်း၊ ဤအလေ့အကျင့်ကို လေ့လာ၍ မိမိတို့ အခြေအနေနှင့် ကိုက်ညီပြီး အကျိုးရှိနိုင်သည်များကို ကျင့်သုံးကာ မိမိတို့ထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်အောင်မြင်အောင် ကြိုးပမ်းပေးကြပါဟု အားပေးတိုက်တွန်းလိုကြောင်း။

ရော်ဘာပစ္စည်းများနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောက်လျှောက် အားပေးကူညီခဲ့ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရော်ဘာနည်းပညာသုတေသနဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန သဃ်န်းကျွန်း ရော်ဘာစက်ရုံတို့အပြင် လက်တွေ့ ကြိုးပမ်းအားထုတ်ပေးကြသည့် ရော်ဘာလုပ်ငန်းရှင်များအားလုံး၊ ကြွရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပညာရှင်များအားလုံးကို ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် မြန်မာ့စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြသထားသော ရော်ဘာပစ္စည်းများ၊ စက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲများတွင် အသုံးပြုနေသော စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအား ပြည်တွင်းလုပ်ငန်းရှင်များက ကူညီ ထုတ်လုပ်ပေးနိုင်ရေးအတွက် ခင်းကျင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တက်ရောက်လာကြသူများအချင်းချင်း ရော်ဘာပစ္စည်းထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကြသည်။

တိုးချဲ့တင်ပို့

ပြည်တွင်း၌ ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာနေပြီဖြစ်ရာ စက်ရုံ၊ အလုပ်ရုံများ၌ လိုအပ်သော ရော်ဘာစက်အရန် ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထားသုံးရော်ဘာ အစိတ်အပိုင်းများ၊ ရေစိမ်ခံ၊ ဆီစိမ်ခံ၊ ဖိအားခံ၊ အကြမ်းတမ်းခံ ရော်ဘာပစ္စည်းများ၊ မော်တော်ယာဉ်နှင့် လူစီးရထားတွဲများ၌ အသုံးပြုသော ရော်ဘာလေအိတ်များကို အဆင့်မီ၊ အရည်အသွေးမီ တိုးချဲ့ထုတ်လုပ်လာနိုင်ကြောင်းနှင့် ဆန်စက်သုံး ရော်ဘာကြိတ်လုံးများ၊ ရော်ဘာကုန်ချောပစ္စည်းများကို ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရော်ဘာပစ္စည်းပြပွဲကို ဇန်နဝါရီ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည် ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာ သင်မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်း တော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အေးရိပ်မွန်အိမ်ရာနေ မိခင်ကြီး ဒေါ်သောင်းအား အမှူးထားလျက် ဒေါက်တာတင်ဝင်း-ဒေါ်သပြေနုမိသားစုက အလှူငွေ ကျပ်သုံးသိန်းကို ကျောင်းအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) ရှေ့မှောက်၌ လှူဒါန်းရာ ဦးမိုးဆွေ(နာယက)က လက်ခံယူစဉ်။ (က-ပ)

နယ်ချဲ့ရန်စွယ် ဒို့ကာကွယ်

* တိုင်းရင်းသားစုံ၊ တစ်အူထုံ့ဆင်း
တိုင်းစုံပြည်ရွာ၊ စည်သာယာဖို့
ရင်မှာသိုထား၊ မျိုးချစ်ဓားဖြင့်
စွမ်းအားထက်သန်၊ မျိုးချစ်လှံဖြင့်
အကြံကောက်ကျစ်၊ နယ်ချဲ့ညစ်အား
အမြစ်မကျန်၊ တွန်းလှန်ဖယ်ရှား
စွန့်စားပေးဆပ်၊ ပြည်လွတ်လပ်ခဲ့။

* ထိုလွတ်လပ်ရေး၊ ဘေးဆိုးတွေ့အောင်
ကြံဆောင်ဖျက်ဆီး၊ နယ်ချဲ့မီးကား
မငြိမ်းဆုံးခဲ့။

* အရေးသာလျှင်၊ ဝင်လာနှောင့်ယှက်
လက်နက်မီဒီယာ၊ ကိုင်စွဲကာဖြင့်
လေမှာလွှင့်ထုတ်၊ အကြံယုတ်ဖြင့်
မဟုတ်မဟတ်၊ လုပ်ဇာတ်ထွင်ကာ
ပြည်သာနေမှု၊ မျက်ကွယ်ရှုခဲ့။

* သူသည်ကား...
ကရုဏာမဲ့၊ မေတ္တာမဲ့
အကြံကောက်ကျစ်၊ လွန်ဆိုးညစ်
နယ်ချဲ့လက်သစ် အမှန်ဖြစ်။ ။

ရဲရင့်သွေး (ဥပဒေ)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း တက္ကသိုလ်ရိပ်သာလမ်းသစ် မိုးကုတ်ဇနိတာရာမ ဓမ္မရိပ်သာကြီးတွင် ဇန်နဝါရီ၁၉ ရက်မှ ၂၉ ရက်အထိ ၁၀ ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယ) အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဇန်နဝါရီ၄ ရက်က (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင် ဆုပေးပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမာက ဆုရကလေးငယ်များနှင့် သားကောင်းမိခင်များအား ဆုချီးမြှင့်စဉ်။ (က-ပ)

အမှတ် ၁၅၂ လုံးသွယ်လမ်း သုဝဏ္ဏနေ ဦးမောင်မောင်ခင်-ဒေါ်စောဝင်း မိသားစုက မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

အခြေခံစည်းရုံးရေး သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ကျင်းပသော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၅၂) အခမ်းအနားကျင်းပပုံ၊ နည်းစနစ်သင်တန်းနှင့်အခြေခံစစ်ရေးပြ(လက်နက်မဲ့) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၇ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဝင်းသူဇာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုအလုပ်အမှုဆောင်(နယ်မြေတာဝန်ခံ) သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးအောင်ကို တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် စည်းရုံးရေးမှူးများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၀၀ကျော်တက်ရောက်ကြသည်။

ထို့နောက်အလှူရှင်များက အလှူငွေများပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံယူပြီး အခမ်းအနားကို သင်တန်းသား သင်တန်းသူများက တေးသီချင်းသီဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ (၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဂေါပက အဖွဲ့ကကြီးမှူး၍ ဇန်နဝါရီ ၁၇ရက်မှ ၂၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် ဇန်နဝါရီ၁၆ ရက်မှ ၂၀ရက်အထိ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်း၊ ဓမ္မပူဇာအနေဖြင့် ဇန်နဝါရီ၁၂ရက်မှ၂၀ရက်အထိ အသံမစဲ အဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃပူဇာအနေဖြင့် ဇန်နဝါရီ၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် သံဃာအပါး၁၈၀နှင့် သီလရှင်အပါး ၅၀တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ရာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၇၁၅၆၁၊ ၃၇၁၅၆၂၊ ၃၇၁၅၆၃တို့သို့ ဆက်သွယ်၍ဖြစ်စေ ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ-ပီဂျီအေ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပဲခူးတိုင်း ပဲခူးမြို့နယ် ၁၀မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ကျင်းပရာ Professional Golfer ပြိုင်ပွဲတွင် နိုင်နိုင်လင်းက ဗိုလ်စွဲပြီး၊ Amateur Golferပြိုင်ပွဲတွင် ဘိုဘိုက ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့်အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင်ဦးရွှေထွန်းလှိုင်က အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best) ဆုရရှိကြသူများအားလည်းကောင်း၊ Professional Golfersပြိုင်ပွဲ၌ နေ့အလိုက်အကောင်းဆုံးရိုက်ချက်(Daily Best)ဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

လက်ဆောင်ပေး

ဆက်လက်၍ Hanthawaddy Golf and Country Clubဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က အမျိုးသမီး အပျော်တမ်း Hand Cap Division (အကျောပေး) ပြိုင်ပွဲတွင် Nett Total ၂၁၆ချက်ဖြင့် ပထမရရှိသော So Hyun Cho၊ Nett Total ၂၂၂ချက်ဖြင့် ဒုတိယရရှိသော မြင့်မြင့်သိန်း (သစ်တော)နှင့် Nett Total ၂၂၈ချက်ဖြင့် တတိယရရှိသော Lee Hyun Jinတို့အား လည်းကောင်း၊ အကျောမဲ့ပြိုင်ပွဲတွင် Gross Total ၂၃၀ ချက်ဖြင့် ပထမရရှိသော Miss You Na Park အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး၊ ပြိုင်ပွဲဝင် အပျော်တမ်း အမျိုးသမီး အားကစားသမားတို့အား အမှတ်တရလက်ဆောင်များကိုလည်း ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် Air Bagan Ltd. ဒုတိယဥက္ကဋ္ဌဦးဇော်မင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် ဗိုလ်စွဲသွားသော ဘိုဘို၊ စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် ဒုတိယရရှိသော ကျော်သီဟနှင့် စုစုပေါင်းရိုက်ချက် ၂၉၉ချက်ဖြင့် တတိယရရှိသော အောင်ဝင်း(မုံရွာ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လသာမြို့နယ်၌ ဇန်နဝါရီ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ဖတ်ကြားစဉ်။ (က-ပ)

ဂုဏ်ပြုလက်ဆောင်

ထို့နောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က Professinoal Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၃ချက်ဖြင့် ပထမရရှိသော နိုင်နိုင်လင်း(K.M Golf Centre)၊ စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့်(K.M Golf Centre)နှင့် စုစုပေါင်းရိုက်ချက် ၂၉၀ဖြင့် တတိယရရှိ သော စိုးကျော်နိုင်(Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး Hanthawaddy Golf and Country Club အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ယင်းဂေါက်ကလပ်၏ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က လက်ခံသည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Air Bagan, EDEN Group Co.,Ltd, Grand Royal Special Reserve, Srixon, K.M.Golf Centre, Point Golf Gear Factory, Yamato Golf Shop, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories, Hanthawaddy Golf and Country Club တို့ကလည်း အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၇ ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားအပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌနှင့်အတူ ဆုရဂေါက်သီးရိုက် အားကစားသမားများအား တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

သဝဏ်လွှာဖတ်ကြား

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လှိုင်သာယာမြို့နယ်၌ ဇန်နဝါရီ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ အမျိုးသား ၁၅နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လု

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် ညနေ၃နာရီခွဲက မြို့မ အားကစားကွင်း၌ ကျင်းပရာ အလုံမြို့နယ်အသင်းက လှိုင်မြို့နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့် **(အောက်ပုံ)**က ပထမဆုရရှိသော အလုံမြို့နယ်အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ GE တပ်မှ ဗိုလ်မှူးအေးလွင်က ဒုတိယဆုရရှိသော လှိုင်မြို့နယ်အသင်းအား ငွေသားဆုကိုလည်းကောင်း၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသော အားကစားသမားများအား မြို့နယ်ဥက္ကဋ္ဌများက ဆုများချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

* ကျောဖုံးမှ

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရည်မှန်းချက်ပန်းတိုင်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် လက်ရှိကာလသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာအောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးသည် နိုင်ငံသားအားလုံး လိုချင်တောင့်တနေကြသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ပြည်သူများအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံ၏ပကတိအခြေအနေအရ သမိုင်းက ပေးအပ်သော အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားခြင်းဖြစ်ကြောင်း။

ခေတ်ဟောင်း စနစ်ဟောင်းက ခေတ်သစ် စနစ်သစ်ကိုကူးပြောင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှု ဆန္ဒအလိုကိုလိုက်ပြီး စိတ်ကူးယဉ်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ သမိုင်းကြောင်း၊ မီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ အကြောင်းနှင့်အကျိုးဆင်ခြင်သုံးသပ်ပြီး၊ မှန်ကန်သည့်မူ၊ ပကတိအခြေအနေဖြင့် ကိုက်ညီသည့်လမ်းစဉ်၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းက ခေတ်သစ်စနစ်သစ်ကို ညင်သာစွာကူးပြောင်းရေးသည်လည်း မွန်မြတ်သော စေတနာအပေါ်အခြေပြုထားသည့် မှန်ကန်အရေးပါသော လုပ်ဆောင်မှုဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် စနစ်ဟောင်းက စနစ်သစ်ကို အသွင်ကူးပြောင်းရာ၌ ညင်သာမှုမရှိသည့်အတွက် ပြည်တွင်းစည်းလုံးညီညွတ်မှုပြိုကွဲပြီး၊ အကြမ်းဖက်မှုများ၊ ဖောက်ခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများနှင့် ပြည်တွင်းစစ် ဖြစ်လုနီးပါး အနိဋ္ဌာရုံများ ကြုံတွေ့နေကြရသည်ကို အထင်အရှား တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ စနစ်တစ်ခုက စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေခြင်းသည် နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဟု သိမြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည်အခြေခံလိုအပ်ချက်များဖြစ်ကြကြောင်း၊ တိုင်းရင်းသား ပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေး၊ အခြေခံလိုအပ်ချက်များ တိုးတက်ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနေကြပြီ ဖြစ်ကြောင်း။

ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်သော နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု၊ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ စုစည်းညီညွတ်မှုဖြင့် အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ စဉ်ဆက်မပြတ် ကြိုးပမ်း အကောင်အထည်ဖော်နေကြပြီ ဖြစ်ကြောင်း၊ ရရှိလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှု အခြေခံကောင်းများကို ခိုင်မြဲအောင်၊ ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ မိမိတို့အားလုံးတွင် တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်ရှိပြီးဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံထားသော မွန်မြတ်မှန်ကန်သည့်မူ ရှိပြီးဖြစ်ကြောင်း၊ လက်တွေ့ကျသည့်လမ်းစဉ်များလည်းရှိပြီးဖြစ်ကြောင်း၊ စေတနာပါသည့် အကောင်အထည်ဖော်မှုများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် သာယာလှပသည့် အနာဂတ်ပုံရိပ်ကို တွေ့မြင်နေကြပြီ ဖြစ်ကြောင်း။

စည်းရုံးရေးစွမ်းအား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့် လူငယ် လူရွယ်များကိုအခြေခံပြီးဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာခြင်းမဟုတ်ဘဲ နယ်မြေဒေသ အသီးသီးက ပြည်သူများဖြစ်သည်နှင့်အညီ ပြည်သူများနှင့် တစ်သားတည်း၊ တစ်ဆက်တစ်စပ်တည်း ရှိကြပြီး ဖြစ်ကြောင်း၊ အသင်းဝင်များသည် အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် အဓိဋ္ဌာန်၊ ရည်ရွယ်ချက်၊အခြေခံမူများအပေါ် စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်များဖြင့်နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မည်သည့် အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတား၊ အခက်အခဲများကို ရင်ဆိုင်စေရကာမူ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အောင်မြင်မှုရရှိရေး ကြိုးပမ်းနေကြသူများ ဖြစ်ကြကြောင်း၊ နယ်မြေဒေသအလိုက် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရင်း နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန် စည်းရုံးရေး စွမ်းအားဖြင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ အသင်းဝင်အင်အားသည်လည်းတစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အမျိုးသားရေး အင်အားစုအဖြစ် ရပ်တည်နေကြပြီဖြစ်ကြောင်း။

အသင်းဝင်တစ်ဦးချင်းနှင့် ပေါင်းစုဖွဲ့စည်းထားသည့်အသင်းကြီးအနေဖြင့် နယ်မြေအကျိုးကိုသယ်ပိုးရာတွင် ပိုမိုထိရောက်အောင်မြင်စေရန် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းမြင့်မားမှုသည်လည်း အရေးပါသည့် အချက်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေဖြင့် အသင်းကြီးကို စတင်ထူထောင်သည့်အချိန်ကစပြီးစနစ်တကျဖွဲ့စည်းမှုနှင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ လေ့ကျင့်မှုတိုင်းသည် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်လာစေမည်ဖြစ်သည့်အပြင် အရည်အချင်းမြင့်မားသည့် အသင်းဝင်များဖြင့် ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေဖြင့်လည်း နယ်မြေလူထုအကျိုးကို ပိုမိုသယ်ပိုးနိုင်မည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လေ့ကျင့်ပေးခဲ့

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး သင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ မှန်ကန်သည့် ဦးဆောင်မှုနှင့် နာခံခြင်းအလေ့အကျင့်ကောင်းများ ရရှိရေး၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူခြင်းဖြင့် စုစည်းညီညွတ်သော အင်အားစုအဖြစ် နိုင်ငံအတွက် အကျိုးပြုနိုင်ရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်အတွက် ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှု အခြေအနေစသည့် ဘာသာရပ်များကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအတွက် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို တိုးတက်ရရှိစေရန်၊ တွေ့ကြုံရမှုများအပေါ် မှန်ကန်စွာ ခွဲခြားသုံးသပ်နိုင်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်ကောင်းမွန်နေစေရန် အလေးထားပြီး လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့်ဆက်စပ်ပေါင်းစပ်ပြီး နယ်မြေအကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ချီသည့်အချိန်ကစပြီးအချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့သမိုင်းမှာ နယ်ချဲ့များ၏ အမျိုးမျိုးသော အကြောင်းရှာရန်စမှုများပြုလုပ်ပြီး စတင်ကျူးကျော်မှု သုံးကြိမ်တိုင်တိုင် ပြုလုပ်ခံခဲ့ရကြောင်း၊ တတိယအကြိမ်တွင် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး နယ်ချဲ့တို့၏လက်အောက် ကျရောက်ခဲ့ကြရကြောင်း၊ ထိုစဉ်က နယ်ချဲ့တို့ကို ရှုံးနိမ့်ခဲ့ရသော်လည်း မြန်မာတို့၏ဇာတိသွေး၊ ဇာတိမာန်တွေ မပျောက်ခဲ့ကြောင်း၊ အမျိုးကိုချစ်သည့် စိတ်၊ နိုင်ငံကိုချစ်သည့် စိတ်များလည်း ကွယ်ပျောက်ခဲ့ခြင်းမရှိသည့်အပြင် တိုင်းရင်းသားအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ရေးအတွက် အသင်းဝင်အားလုံး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အမိမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်၊အစဉ်ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းကာကွယ် တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းတစ်လျှောက်တွင်လည်း ဝါဒအစွဲသန်သူများ၊ လူမျိုးရေးအစွဲသန်သူများ၊ ပုဂ္ဂလိက ကောင်းစားရေး၊ ကိုယ့်ပါတီကောင်းစားရေး အားသန်သူများ၊ အတ္တစွဲ၊ မာနစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူများကြောင့် ပြည်သူများလိုလားသည့် အမျိုးသားရေးရည်မှန်းချက်ကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့်အစား ပါတီအချင်းချင်း၊ ပါတီတစ်ခုထဲက အုပ်စုကွဲအချင်းချင်း စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုများနှင့် အချိန်ကုန်ခဲ့ရသည့် အတိတ်ဖြစ်စဉ်များကို သင်ခန်းစာယူကြရမှာ ဖြစ်ကြောင်း။

အကောင်အထည်ဖော်

လက်ရှိကာလသည် နိုင်ငံတော်သစ်ကို ထူထောင်နိုင်သည့်အခွင့်အလမ်းကောင်းများ ရရှိနေပြီ ဖြစ်ကြောင်း၊ အသင်းဝင်တိုင်း ပြည်သူများနှင့် လက်တွဲပြီး နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့စေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပနေပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် အနာဂတ်နိုင်ငံတော်အတွက် အောင်မြင်စွာ ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆုံးဖြတ်နေကြပြီဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်မှတစ်ပါး အခြားမရှိဟု ယုံကြည်ထားပြီးဖြစ်သည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံသားအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံအကျဆုံး ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန်ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး ၂၄ခု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စီမံအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက် ထူထောင်ရေးတို့ကိုလည်း နယ်မြေလူထုနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက်လည်း ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ဒေသခံအသင်းဝင်များအနေနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်ဧကကို စပါးတင်း ၄၀ လောက်သာ ထွက်သည့်နေရာတွင် တင်း ၁၀၀ ကျော်အထိ ထွက်ရှိလာပြီး အချို့မြို့နယ်၊ ခရိုင်များတွင် စပါးတင်း ၁၀၀ ကျော် ပျမ်းမျှထွက်ရှိအောင် ဆောင်ရွက်နိုင်ကြကြောင်း၊ တောင်သူများ၏ စီးပွားရေးဘဝခိုင်မာစေရန် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး၏ အခြေခံအုတ်မြစ်များဖြစ်သည့် ရပ်ရေးရွာရေးများတွင်လည်း အသင်းဝင်အားလုံး စစ်မှန်သည့် စေတနာဖြင့်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန် မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် လက်ပံတန်းမြို့နေ ဦးအုန်းကြည်–ဒေါ်စိန်မြတို့အား အမှူးထား၍ သမီး ဒေါ်အုန်းမြင့်(ခ)ဒေါ်ခင်အုန်းသွင်၊ ဒေါ်ခင်ခင်လင်း၊ (သား) ဦးဇော်ဝင်း စိန်ရွှေရတနာဆိုင် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ မြန်မာ့ရိုးရာ သိုင်းသရုပ်ပြ အဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားရုံရှေ့၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမအတွင်း၌ ခင်းကျင်းပြသထားသော အခြေခံပညာရေးကဏ္ဍနှင့် အဆင့်မြင့်ပညာရေးကဏ္ဍတို့၏ ပညာရေးဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်တွင် ကျောင်းသား ကျောင်းသူများ တီထွင်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည် သရုပ်ပြမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲတို့ကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် ကျောင်းသား ကျောင်းသူများက **"ပညာဖြိုးဝေ ဒို့မြန်မာပြည်"** သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အကြားအာရုံချို့ယွင်းနေသော ကျောင်းသားများဖြစ်ကြသည့် မောင်ရဲလွင်ဦးနှင့် မောင်ချစ်စမ်းမောင်တို့က **"မင်းသားပြိုင်အက"**ဖြင့်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများက **"ရာသက်ပန် ပြည်ထောင်စု"** သီချင်းကိုလည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဝိုင်းဝန်းပါဝင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဆက်လက်ကြိုးပမ်းသွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

သိမြင်ခံစားနိုင်

အသင်းဝင်များသည် နေရာဒေသအနှံ့အပြား၌ ရှိနေကြသူများဖြစ်သည့်အတွက် ပကတိဖြစ်ပေါ်တိုးတက်မှုများကိုသိမြင်ခံစားနိုင်ကြသူများဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပက အဖွဲ့အစည်းအချို့၊ လူပုဂ္ဂိုလ်အချို့၏ပကတိအခြေအနေကို မျက်ကွယ်ပြုပြီးပြောဆိုလုပ်ဆောင်မှုများသည် အမျိုးသားအကျိုးစီးပွားအတွက် ပျက်ပြားဆုတ်ယုတ်မှုကိုသာ ဖြစ်စေနိုင်သည်ကို သတိပြုရန် လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးအောင် လှုံ့ဆော်ရေးသား ထုတ်လွှင့်မှုများ၊ လုပ်ကြံသတင်း၊ မမှန်သတင်း၊ ကောလာဟလသတင်းများ ထုတ်လွှင့်မှု၊ အပြစ်မဲ့ ပြည်သူတွေ ထိခိုက်ဒဏ်ရာရအောင်၊ လမ်းတံတားတွေ ပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးဖို့ ကြိုးစားလာမှုတွေ၊ လူထုကို လမ်းပေါ်ထွက်လာပြီး ဆူပူအုံကြွမှုဖြစ်အောင် သွေးထိုးလုပ်ဆောင်မှုတွေအားလုံးသည် အဖျက်သဘောတွေဖြစ်ပြီး ဆိုးကျိုးတွေကိုသာ ဖြစ်ပေါ်နိုင်ကြောင်း ပြည်သူအားလုံး သိရှိနေကြပြီဖြစ်ကြောင်း၊ မှားယွင်းသည့် အဖျက်လုပ်ရပ်တွေကို အသင်းဝင်အားလုံး ပြည်သူများနှင့် ဝိုင်းဝန်းကာကွယ်ရင်း၊ အပြုသဘော ဆောင်သည့် လုပ်ရပ်တိုးမြှင့်လုပ်ဆောင်ရင်းတုံ့ပြန်သွားကြရမှာ ဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်တွေကို ပြည်သူအားလုံး သိရှိရေးအတွက် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- သင်တန်းက ပို့ချလိုက်သည့် အသိပညာ၊ အတတ်ပညာများကို ဘဝ အတွေ့အကြုံနှင့် ဆက်စပ်ပြီး လက်တွေ့ နယ်ပယ်မှာ အသင်းကြီး၏ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းအဖြစ် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- အသင်းကြီးက ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိကိုယ်တိုင်သာမကဘဲ လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးစွမ်းအားဖြင့် ကြိုးပမ်းသွားကြပါ

ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်း အမှတ်စဉ်(၃) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

Grand Royal Special Reserve Golf Championship 2007
သတင်းစာရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

Grand Royal Special Reserve Golf Championship 2007 သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ Hotel Nikko Royal Lake ရှိ Grand Ballroom၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ International Beverages Trading Co,. Ltd. မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့်ဧည့်သည်များတက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ International Beverages Trading Co., Ltd. ၏ Design & Development Director ဦးတင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးချမ်းဟန်က ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သိရှိလိုသော အချက်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Grand Royal Special Reserve Golf Championship 2007 ပြိုင်ပွဲကို Qualify Rounds နှင့် Final Round ဟူ၍ နှစ်ပိုင်းခွဲခြား၍ Qualify Rounds ကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်တို့တွင် မန္တလေးမြို့၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် တောင်တွင်းကြီးမြို့၌လည်းကောင်း၊ မတ်၃ရက်နှင့် ၄ရက်တို့တွင် မော်လမြိုင်မြို့၌လည်းကောင်း၊ မတ် ၂၂ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပသွားမည် ဖြစ်ပြီး Final Roundကို ဧပြီ ၆ရက်၊ ၇ရက်နှင့် ၈ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Han Event Managementက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပြီး Co., Sponsor ကုမ္ပဏီများဖြစ်ကြသော Air Mandalay , Hotel Nikko,Srixon နှင့် Alpine တို့က ပံ့ပိုးကူညီပေးကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၆ရက်က ရန်ကုန်မြို့ ရန်ကင်းစင်တာ အမှတ် ၇၀၃နေ ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးမြင့်(ငြိမ်း)နှင့် ရုံးအဖွဲ့သူ အဖွဲ့သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးချုပ်တို့ စုပေါင်း၍ ငွေကျပ် တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇန်နဝါရီ ၆ရက်က စမ်းချောင်းမြို့နယ် အမက(၆)တွင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားနှင့် ပညာရေးစုံညီပွဲတော် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းကြည်က ငါးနှစ်ဆက်တိုက် ပထမဆုနှင့် မြို့နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ပထမဆုရ မောင်အောင်သူရဟိန်းအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၇။ ဘော်ဘင်ရေလှောင်တမံ
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook
- ၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **"ကိုရယ် တိုးရယ် စိုးစိုးရယ်"** ညွှန့်ဝင်း၊ ခင်သန်းနု၊ သန်းထွဋ်၊ ပုလဲ (ဒါရိုက်တာ-ဦးတင်မောင်)
- ၁၃:၅၀ ၆။ စိန်ရတုအထိမ်းအမှတ် ပန်းပွဲတော်နွဲ့ကြတူပျော်ပျော်
- ၁၄:၀၀ ၇။ အရေးပြိုင်ပွဲ
- ၁၄:၁၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၁၄:၂၀ ၉။ **"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သင်္ကြန်အောင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၄:၃၀ ၁၀။ ဓိုက္ကရဲရေထိန်းတံခါး
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၀ ၆။ **"သီးနှံစိုက်ပျိုး အထွက်တိုး"** (ဆောင်းရာသီ ပဲတီစိမ်း ပန်းတိုင်)
- ၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း-၁၀)
- ၁၉:၄၅ ၁၂။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု **"သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ"**
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၁၄)
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ကမ္ဘာတစ်လွှား အားကစား

ဖူလ်ဟမ်အသင်းခေါင်းဆောင် မော်တေး ဝက်စ်ဟမ်းအသင်းက ခေါ်ယူစာချုပ်ပြီ

လန်ဒန် ဇန်နဝါရီ ၆

ဖူလ်ဟမ်အသင်းခေါင်းဆောင် လူးဝစ်ဘိုအာမော်တေးအား ဝက်စ်ဟမ်းအသင်းက စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း၊ ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ပေါင်ငါးသန်းဖြင့် ဖြစ်နိုင်ကြောင်း အင်တာနက်၌ ဖော်ပြသည်။



ဖူလ်ဟမ် အသင်းခေါင်းဆောင် မော်တေး။
(ဓာတ်ပုံ-အင်တာနက်)

စာချုပ်ခေါ်ယူ

၎င်းသည် အာဆင်နယ်တွင် ပွဲပေါင်း ၄၀ကျော် ပါဝင်ကစားခဲ့ပြီး ၂၀၀၀ပြည့်နှစ်က ဖူလ်ဟမ်သို့ အငှားလာရောက်ကစားရာမှ နောင်တွင် ပေါင် ၁ ဒသမ ၇သန်းဖြင့် အမြဲတမ်း ကစားသမားအဖြစ် စာချုပ်ခေါ်ယူခဲ့သည်။

အသက် ၂၉နှစ်ရှိအဆိုပါ ပေါ်တူဂီတိုက်စစ်မှူးသည် နယူးကာဆယ်နှင့် ဘင်ဖီကာသို့လည်း ဆက်သွယ်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်းသည် နည်းပြ အလန်ကာဘစ်ရှ်လေ ဝက်စ်ဟမ်းသို့ ရောက်လာပြီးနောက် ပထမဆုံး စာချုပ်သည့် ကစားသမားဖြစ်သွားပြီဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

မရောင်းလို

သို့ရာတွင် အဆိုပါ တိုက်စစ်မှူးအား မရောင်းလိုသော်လည်း ရောင်းချခဲ့ရခြင်းဖြစ်ကြောင်း ဖူလ်ဟမ်နည်းပြ ခရစ်ကိုးလ်မန်းက ဆိုသည်။

မော်တေးသည် စပို့စ်တင်းလစ္စဘွန်းအသင်းမှ အာဆင်နယ်သို့ ၁၉၉၇ခုနှစ် ဇွန်လတွင် ပေါင်တစ်သန်းခွဲဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ (အင်တာနက်)

ဘာရာဇီးနှင့် ပေါ်တူဂီကစားမည့် ချစ်ကြည်ရေးပွဲ အာဆင်နယ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

လန်ဒန် ဇန်နဝါရီ ၆

ဘာရာဇီးအသင်းနှင့် ပေါ်တူဂီအသင်းတို့သည် လာမည့်လတွင် ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အာဆင်နယ်က အီးမရိတ်ကွင်းကြီး၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကမ္ဘာ့နံပါတ်(၁) အသင်းလည်းဖြစ်၊ ကမ္ဘာ့ဖလား ငါးကြိမ်ဆွတ်ခူးခဲ့သည့် အသင်းလည်းဖြစ်သည့် ဘာရာဇီးအသင်းသည် ကမ္ဘာ့အဆင့်(၇)ရှိ ပေါ်တူဂီအသင်းနှင့် ချစ်ကြည်ရေးပွဲအဖြစ် လာမည့် ဖေဖော်ဝါရီ၆ ရက်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒုတိယအကြိမ်မြောက်

ဘာရာဇီးအသင်းသည် ၂၀၀၆ခုနှစ် စက်တင်ဘာလက အာဂျင်တီးနားအသင်းနှင့်လည်း အဆိုပါ အီးမရိတ်ကွင်း၌ လာရောက်ကစားခဲ့သည်။ ယခုသွားရောက်ကစားခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။

လက်ခံကျင်းပ

ထို့အတူ ဖူလ်ဟမ်၏ ခရာဗန်ကော့တေ့ချ်ကွင်းကြီး၌ ဥရောပချန်ပီယံဂရိနှင့် တောင်ကိုရီးယားအသင်းတို့ကို တစ်ရက်တည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အာဖရိက အကောင်းဆုံးဘောလုံးသမား ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယန်ဆွတ်ခူး

လန်ဒန် ဇန်နဝါရီ ၆

အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ၂၀၀၆ ခုနှစ်အတွက် ဘီဘီစီက မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ရာ ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယန် ဆွတ်ခူးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယှဉ်ပြိုင်

အီဂျစ်ကစားသမား မိုဟာမက်အဘောက်ထရီကာသည် ပဏာမရွေးချယ်လိုက်သော ဘောလုံးသမားသုံးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီး၌ ကစားနေသော အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာနှင့် ဂါနာ ကွင်းလယ်ကစားသမား မိုက်ကယ် အက်ဆီယန်တို့နှင့်အတူ ယှဉ်ပြိုင်ခဲ့သည်။

ရွေးချယ်

အဆိုပါ ပဏာမရွေးချယ်ထားသော ဘောလုံးသမား သုံးဦးအား အွန်လိုင်းမှတစ်ဆင့် အကောင်းဆုံးဖြစ်သူကို ဘီဘီစီဘုတ်အဖွဲ့သို့ မဲပေးရွေးချယ်ခဲ့ခြင်းကြောင်း သိရသည်။ မဲအများဆုံးရရှိသည့် ဘောလုံးသမားအား အာဖရိက၏ အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းမဲများကို ဖုန်းဖြင့် မဲပေးခဲ့ပြီး ဇန်နဝါရီ ၅ ရက်၌ ဂရင်းနစ်စံတော်ချိန် ၁၆:၀၀ နာရီမှ ၁၆:၅၅နာရီအထိ ကာလအတွင်း မဲပေးရွေးချယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

အခြေခံ

အဆိုပါ အကောင်းဆုံးဘောလုံးသမား ရွေးချယ်ရာတွင် ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဘောလုံးသမားများ၏ ပြည်တွင်းပွဲများ၊ ယူအီးအက်ဖ်အေနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲများ၊ အာဖရိကဖလား၊ ကမ္ဘာ့ဖလားနှင့် ကမ္ဘာ့ကလပ်ဖလားများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

စုစည်းတင်ပြသူ - မြင့်မောင်စိုး

အကောင်းဆုံး ဘောလုံးသမား

အာဖရိက အကောင်းဆုံး ဘောလုံးသမား (ယာအစွန်)**မှ အက်ဆီယန်အား ပဏာမရွေးချယ်ထားသူ နှစ်ဦးနှင့်အတူ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

ဘိုင်ယန်မြူးနစ်မှ အိုဝင်ဟားဂရေ့ဗ်။

ယူရိုသန်း ၂၀ထက်မနည်းပေးလျှင် ဟားဂရေ့ဗ်အား မန်ယူသို့ရောင်းမည်

လန်ဒန် ဇန်နဝါရီ ၆

ဘိုင်ယန်မြူးနစ်မှ အိုဝင်ဟားဂရေ့ဗ်အား မန်ယူအသင်းသို့ ရောင်းချမည်ဖြစ်ကြောင်း သို့ရာတွင် ယူရိုငွေသန်း၂၀ထက်မနည်း ပေးရမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားသည်။

ဒဏ်ရာရရှိထား

ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းက ခေါ်ယူလိုလျှင် အဆိုပါငွေကြေးပမာဏထက်မနည်း ပေးရမည်ဖြစ်သည်ဟု ဆိုသော်လည်း ဟားဂရေ့ဗ်မှာ ခြေထောက်ဒဏ်ရာရရှိထားသဖြင့် ယခုအချိန်အထိ လေ့ကျင့်ရေးပင် အပြည့်အဝမလုပ်နိုင်ကြောင်း သိရသည်။

မျှော်လင့်ရ

ဟားဂရေ့ဗ်၏ခြေထောက်ဒဏ်ရာသည် ဇန်နဝါရီ တတိယပတ်ခန့်တွင် ပြန်လည်ကောင်းမွန်လာမည်ဖြစ်သည်ဟု မျှော်လင့်ရကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားသည်။

စောင့်စားလျက်ရှိ

ယခုအခါ အပေါ့စား လေ့ကျင့်မှုများပြုလုပ်နေပြီး မန်ယူအသင်းနှင့် ပြောင်းရွှေ့မှုအတွက် ဆွေးနွေးမှုများပြုလုပ်ရန် စောင့်စားလျက်ရှိသည်။ ဘိုင်ယန်မြူးနစ်က ဟားဂရေ့ဗ်အား ယခင်က ရောင်းချမည်မဟုတ်ဟု ပြောကြားထားခဲ့သည်။ ဘိုင်ယန်မြူးနစ်တွင် ၂၀၁၀ပြည့်နှစ်အထိ ကစားရန် စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။

(အင်တာနက်)

ဒွိုင်းလီနှင့်ဟာန့်တို့နှစ်ဦးအား ရက်ဒင်းအသင်းစာချုပ်သစ်ချုပ်ဆို



ရက်ဒင်းအသင်းမှ စတီဖင်ဟန့်(ဝဲ)**နှင့် ဒွိုင်းလီ**(ယာ)**။** (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၆

ရက်ဒင်းအသင်းမှ ကစားသမားများဖြစ်သော ဒွိုင်းလီနှင့် စတီဖင်ဟန့်တို့အား ရက်ဒင်းအသင်းက စာချုပ်အသစ်များ ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်သည်။

စာချုပ်အသစ်

ရက်ဒင်းတိုက်စစ်မှူး ဒွိုင်းလီသည် ၂၃နှစ်အရွယ်ရှိပြီး ယခုနှစ်ဘောလုံးရာသီတွင် ရက်ဒင်းအတွက် ၁၀ဂိုးသွင်းထားပေးနိုင်ခဲ့သူဖြစ်သည်။ ဒွိုင်းလီအနေဖြင့် စာချုပ်အသစ်အရ ၂၀၁၀ပြည့်နှစ်အထိ ရက်ဒင်းအသင်းတွင် ကစားရမည်ဖြစ်သည်။

ထို့အတူ အသက်၂၅နှစ်အရွယ်ရှိ စတီဖင်ဟန့်သည်လည်း ရက်ဒင်းအသင်းတွင် ၂၀၀၉ခုနှစ်အထိကစားရန် စာချုပ်အသစ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဝမ်းသာစရာ

အဆိုပါ ဘောလုံးသမားနှစ်ဦး စာချုပ်သက်တမ်းတိုးလိုက်နိုင်သဖြင့် ရက်ဒင်းအသင်းဥက္ကဋ္ဌ မာဒီစကီက "ယခုသတင်းသည် သတင်းကောင်းဖြစ်ကြောင်း၊ ရက်ဒင်းအတွက် အဖိုးတန် ကစားသမားနှစ်ဦးကို စာချုပ်သက်တမ်းတိုး ချုပ်ဆိုနိုင်ခြင်းမှာ ဝမ်းသာစရာဖြစ်ကြောင်း" ပြောကြားသည်။

အိုင်ယာလန်တိုက်စစ်မှူးလည်းဖြစ်သည့် ဒွိုင်းလီသည် ပရီမီယာလိဂ်တွင် လက်ရှိအချိန်၌ တတိယမြောက် အများဆုံးဂိုးသွင်းထားသူဖြစ်သည်။ ထို့အတူ စတီဖင်ဟန့်မှာလည်း ရက်ဒင်းအသင်း၏ ပထမဦးစားပေးကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် ခြေစွမ်းပြနိုင်သူတစ်ဦး ဖြစ်သည်။ (အင်တာနက်)

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ

ရှက်ဖီးနောက်ခံလူ အင်စဝက်အား ဝီဂန်ခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၆

ရှက်ဖီးအသင်းမှ နောက်ခံလူ ဒေးဗစ်အင်စဝက်အား ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း စာချုပ်ချုပ်ဆို ခေါ်ယူရေးအတွက် အားလုံးအဆင်သင့်ဖြစ်နေပြီဟု ဝီဂန် မန်နေဂျာ ပေါလ်ဂျူးဝဲလ်က ပြောကြားလိုက်သည်။

အလွတ်ပြောင်းရွှေ့

အသက်၃၃နှစ်အရွယ်ရှိ ဒေးဗစ်အင်စဝက်သည် ရှက်ဖီးအတွက် ၁၈လ ကစားခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့မှုဖြင့် ဝီဂန်သို့ ရောက်ရှိလာမည်ဖြစ်သည်။ ဒေးဗစ်အင်စဝက်သည် ပို့စ်မောက်၊ အစ်ဆွစ်တောင်း၊ ဝက်စ်ဟမ်းနှင့် အဲဗာတန်ကလပ်တို့တွင် ၁၁နှစ်ကြာ ကစားခဲ့သူဖြစ်သည်။

နေရာမရခဲ့

လောလောဆယ်တွင် ရှက်ဖီးအသင်း၌ ပုံမှန်နေရာ မရရှိဘဲ ဖြစ်နေသူဖြစ်သည်။ ၎င်းသည် ရှက်ဖီးအသင်းတွင် ပြီးခဲ့သည့် အောက်တိုဘာမှစတင်ကာ နေရာမရခဲ့သည့် နောက်ခံလူတစ်ဦးလည်း ဖြစ်သည်။ (အင်တာနက်)

ဝီဂန်အသင်းသို့ ပြောင်းရွှေ့ကစားမည့် ဒေးဗစ်အင်စဝက်။
(ဓာတ်ပုံ-အင်တာနက်)

ဗဟန်းမြို့နယ် ငါးထပ်ကြီးမြတ်စွာဘုရား

ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သမိုင်းဝင် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီး မြတ်စွာဘုရား (၁၀၆) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဇန်နဝါရီ၄ရက် မွန်းလွဲ ၁နာရီက ငါးထပ်ကြီး မြတ်စွာဘုရား ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် ဘဒ္ဒန္တ ကိတ္တိ အဂ္ဂမဟာပဏ္ဍိတက အနုမောဒနာတရားချီးမြှင့်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆွမ်းဆန်တော်လောင်းလှူ

ထို့နောက် မြတ်စွာဘုရားအမှူးပြုသည့် ပင့်သံဃာတော် ၁၀၈ ပါးတို့အား အလှူရှင်များက ဆွမ်းဆန်တော်၊ ငွေပဒေသာပင်များကို စာရေးတံမဲဖောက်၍ လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြသည်။

မဟာပဋ္ဌာန်းအောင်ပွဲ ရေစက်ချ

အဆိုပါ ငါးထပ်ကြီးဘုရားကြီး၏ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက်ကလည်းကောင်း၊ မဟာပဋ္ဌာန်းအောင်ပွဲရေစက်ချပွဲကို ဇန်နဝါရီ ၃ ရက် မွန်းတည့်ကလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန် မာ ကျောင်း (မူ လ ကျောင်း ဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက မြေကွက်သစ်၌ သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက်ဦးစန်းမောင် (ဥက္ကဋ္ဌ တာမွေမြို့နယ် လုပ်ငန်းစစ်ဆေးရေး)အားရည်စူး၍ ဒေါ်သန်းသန်းနွဲ့နှင့်သမီး ဒေါ်သန့်ဇင်ဦး၊ ဒေါ်စန်းယုမေ၊သားသမီးမြေးတစ်စုကောင်းမှု အမှတ် ၃၀၊ လေးလွှာ ကျောက်မြောင်း၊ ဈေးလမ်း ရန်ကုန်မြို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်သားများကောလိပ်(ရူပဗေဒအဓိက) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

၁၉၇၂-၇၇ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒအဓိက ကျောင်းသားကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ အိုလံပစ်တာဝါ ၁၂ ထပ် အခန်း(၁)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

လှူဒါန်း

ကျောင်းသား ကျောင်းသူတိုင်း မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ(လှူဖွယ်ပစ္စည်းများ)ကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း- ၃၉၂၆၁၇၊ ၂၅၆၆၀၂၊ ၀၉-၅၁-၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း- ၅၇၉၉၂၆၊ ၀၉-၅၁-၂၃၃၈၈၊ ဦးတင်အေး ဖုန်း- ၆၆၆၇၁၈ နှင့် ဒေါ်ခင်နွဲ့ ဖုန်း- ၅၃၇၀၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကြံ့တော ဘိုးပြည့်အုပ်စုပိုင်ဘေးပေါက်ကျေးရွာ ဓမ္မာလင်္ကာရ ချောင်းဝကျောင်းတိုက် သာသနာ့နယ်မြေအတွင်း ပဓာနနာယက ချောင်းဝဆရာတော် ဦးစက္ကိန္ဒ ကြီးမှူး၍ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းတည်ထားကိုးကွယ်သော ဘယဝိမုတ္တိရှစ်မျက်နှာဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၂ ရက်နေ့မှ တပို့တွဲလပြည့်နေ့ အထိ) ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၁ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရွှေပြည်သာမြို့နယ် မီးသတ်စခန်းသို့ မင်းလွင်စက္ကူလုပ်ငန်းမှ ရေစုပ်စက် တစ်လုံး လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်မီးသတ်စခန်းတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင် လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

လပွတ္တာမြို့နယ်အသင်းက ကြီးမှူးကျင်းပမည့် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် ၈၀ အထက် အသင်းသားအသင်းသူနှင့် မိဘများအား ပူဇော်ကန်တော့ပွဲနှင့် ၂၀၀၅-၂၀၀၆ ပညာရေးနှစ် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိမင်္ဂလာခန်းမတွင် ဇန်နဝါရီ၁၄ရက် နံနက်၈နာရီမှ ၁၂နာရီအထိလည်းကောင်း၊ လပွတ္တာမြို့ သာသနာ့ ဗိမာန်တော်တွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ လည်းကောင်း နှစ်နေရာခွဲ၍ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရရှိသူများသည် အမှတ်(၆၃) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်သို့ ဇန်နဝါရီ ၁၂ရက် နောက်ဆုံးထားစာရင်းပေးပို့ကြရန်နှင့် ကျင်းပမည့်နေ့တွင် အသင်းသား အသင်းသူများနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ပူဇော်ကန်တော့

တိုက်ကြီးမြို့ အထကနှင့် အလက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က အထက အနော်ရထာ ခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

မကြာမီရုံဝင်လာမည့် **ပန်းပျိုးသူတို့အလင်္ကာ**မှ နေတိုး။

ပန်းပျိုးသူတို့အလင်္ကာ လာမည့် သောကြာနေ့ ရုံတင်မည် ပြဒါးမဲ့မှန် သမ္မတနှင့်သွင်၌ နောက်ဆုံးပတ်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၆

ကိုလွင်(စနိုးဝှိုက်)၏ ဝတ္ထုဇာတ်ညွှန်းကိုဒါရိုက်တာမောင်မောင်ဦး (စနိုးဝှိုက်) ရိုက်ကူးသည့် **ပြဒါးမဲ့မှန်** ဇာတ်ကားမှာ ယခုသောကြာပတ်တွင် နောက်ဆုံးပတ်အဖြစ် သမ္မတနှင့်သွင်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ပန်းပျိုးသူတို့အလင်္ကာ

လာမည့် သောကြာပတ်၌ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဒါရိုက်တာ ဟိန်းစိုးရိုက်ကူးသည့် **ပန်းပျိုးသူတို့အလင်္ကာ** ဇာတ်ကားရုံဝင်လာမည် ဖြစ်သည်။ ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အင်းလေးကန်ကို အခြေခံပြီး ဇာတ်အိမ်ဖွဲ့ထားသော မောင်ယဉ်အောင်၏ ဝတ္ထုကို ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်ကားတွင် လူမင်း၊ နေတိုး၊ မေသဉ္ဇာဦး၊ နဝရတ်၊ ဇော်ဝမ်းနှင့် ညှော့သည်သရုပ်ဆောင်ရဲအောင်တို့ ပါဝင်သရုပ်ဖော်ထားသည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာရုံတွင် Aeonflux အက်ရှင်ဇာတ်ကားရုံဝင်လာပြီး ရွှေ့ဆောင်ရုံ၌ Pirates of the caribbean ဇာတ်ကားဆက်လက် ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင် Miami Vice ဇာတ်ကားပြသနေဆဲဖြစ်သည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီးမင်းသား ဗန်ဒိန်းပါဝင်ထားသော Cyborg အက်ရှင်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် စူနီးလ်ရှက်သီး၊ ကရစ်ရှမားကာပူးတို့ ပါဝင်ထားသော Krishna အက်ရှင်ဇာတ်ကားရုံဝင် လာသည်။ တန်းမြင့်မြို့မရုံတွင် အာရှေးကူးမားနှင့် ကရစ်ရှာမားကာပူးတို့ ပါဝင်ထားသော Jaanwar ဇာတ်ကားပြသလျက်ရှိပြီး ဆုထူးပန်ရုံတွင် Musafir အက်ရှင်ဇာတ်ကားသစ် ပြသနေဆဲဖြစ်သည်။

ပြဒါးမဲ့မှန် ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။

လွမ်းအောင်ရယ်တတ်သူ

ဒါရိုက်တာ မောင်ဝဏ္ဏရိုက်ကူးပြီး ကျော်ရဲအောင်၊ ပြေဇင်၊ မေသဉ္ဇာဦးနှင့် သက်မွန်မြင့်တို့ခေါင်းဆောင်ပါဝင်ထားသော **လွမ်းအောင်ရယ်တတ်သူ**ဇာတ်ကားမှာ ဝဇီရာ၊ ရွှေမန်း၊ စံပြနှင့်သီတာရုံများတွင် ဆက်လက်ပြသနေသည်။

ဗီဒီယိုဇာတ်ကားများ

ဒါရိုက်တာ ချိုတူးဇော်၏ **သံသရာစက်ဝန်းတစ်နေရာမှာ** ဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံ၌ ဆက်လက်ပြသနေပြီး **အင်းသားဘဝ အင်းသားအလှ** ဇာတ်ကားမှာ ရွှေဗဟို၊ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။ **(မြန်မာ့အလင်း)**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

ချစ်ဇနီး **ဒေါက်တာရီရီနွယ်** (ရွှေဝတ်ရည်စက္ကူစက်)

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီဘွဲ့**အားချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ဘက်စုံ အကျိုးပြုလုပ်ငန်းများကို ချစ်သောမိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ခင်ပွန်း – ဦးသိန်းဝင်း (မန်နေဂျင်းဒါရိုက်တာ)
Four T Construction Co., Ltd.

ချစ်သား – ကျော်မျိုးမြင့် (Grade-X, T.T.C)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်ကဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို **ဦးအောင်ကြည်မြင့် (ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက–၁၊ မြောက်ဥက္ကလာပ)**အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊
အထက(၁)၊မြောက်ဥက္ကလာပမြို့နယ်။

ချီးကျူးဂုဏ်ပြုခြင်း

ပြည်မြို့ မျိုးသုခ အထူးဆေးကုဌာန စိန်ရတနာဆေးဆိုင်မိခင်ကြီး **သီဟသုဓမ္မသိင်္ဂီ ဒေါ်လှမြိုင်**သည် ၄–၁–၂၀၀၇ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်ပေးအပ်သော **သီရိသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ် အပ်နှင်းခံရသဖြင့် မိသားစုက ဝမ်းမြောက်ကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံတော်အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

တူမများ – **မဖြူဖြူမွန် (တတိယနှစ်၊သမိုင်း)၊**
မသန္တာခိုင် (ပထမနှစ်၊သချ်ာ)၊
မကေသီခိုင် (တက္ကသိုလ်ဝင်တန်း)။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဇိနမာန်အောင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ
သီရိသုဓမ္မမဏိဇောတဓရ "ဒေါက်တာမိုးတင်" အား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်
သာသနာနုဂ္ဂဟဘွဲ့(ပထမဆင့်)ဖြစ်သည့်
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
ဘက်စုံတည်ဆောက်ရေးအဖွဲ့အနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး
သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးအဖွဲ့
ဇိနမာန်အောင်စေတီတော်မြတ်ကြီး
ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာဖြစ်သူ
သီရိသုဓမ္မမဏိဇောတဓရ"ဒေါက်တာမိုးတင်"အား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်
သာသနာနုဂ္ဂဟဘွဲ့(ပထမဆင့်)ဖြစ်သည့်
အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ
ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
သူငယ်ချင်းများအနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး
သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗိုလ်မှူးလှထွန်းဖြူ(ငြိမ်း)၊ ဒေါက်တာအေးကျော်၊ ဒေါက်တာတင်ဟန်၊ ဒေါက်တာမင်းညီ၊ ဒေါက်တာမျိုးလွင်၊ ဒေါက်တာစိုးလွင်၊ ဒေါက်တာကျော်စိုးဦး၊ဒေါက်တာဇော်ဝင်း၊ကိုကျော်ဝင်း။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်က ချီးမြှင့်သည့် **သီရိသုဓမ္မသိင်္ဂီဘွဲ့**ကို **ဒေါ်ကြွေကြွေ** (တရုတ်တန်းလမ်း၊ မုံရွာမြို့) ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက် ပါကြောင်း။

အစ်ကို/အစ်မ – ဦးစံဌွေး–ဒေါ်နွဲ့
တူ – မောင်ရာဇာဌေး၊ မောင်ထူးဝေဌေး၊
(ဇော်ပုံရေယာဉ်မိသားစု၊ကျောက်မှော်)။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်က ချီးမြှင့်သည့် **သီရိသုဓမ္မသိင်္ဂီဘွဲ့**ကို **ဒေါ်ကြွေကြွေ** (တရုတ်တန်းလမ်း၊မုံရွာမြို့) ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက် ပါကြောင်း။

တူ/တူမ – ကိုစိုးလွင်ဦး–မနီလာအောင်၊
သမီး – မြတ်နီလာစိုး၊ အိမ့်ကြည်ပြာစိုး(မုံရွာ)။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဒေါက်တာရီရီနွယ် (ရွှေဝတ်ရည်စက္ကူစက်)

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီဘွဲ့**အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။ နောင်တွင်လည်း သာသနာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဘက်စုံ အကျိုးပြုလုပ်ငန်းများတွင် ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခရမ်းမြို့နယ်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ချစ်ညီမငယ် ဒေါက်တာရီရီနွယ် (ရွှေဝတ်ရည်စက္ကူစက်)

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီဘွဲ့**အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ဘက်စုံ အကျိုးပြုလုပ်ငန်းများတွင် ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော မမကြီး – ဒေါ်ခင်မြင့်မြင့် – ဦးရဲဝင်း (ဧကရီ ကားအလှဆင်ပစ္စည်းဆိုင်)
မမလေး – ဒေါ်တင်တင်လှ – ဒေါက်တာကိုကို
ကိုကို – ဦးဝင်းတင်ရွှေ – ဒေါ်ခင်စောဦး (နိုဘယ်ဝင်း စက္ကူစက်)
မမအေး – ဒေါ်အေးမြိုင် – ဦးသန်းထွန်း (ဟံသာသီရိဆန်စက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်သူငယ်ချင်း **ဒေါက်တာရီရီနွယ်**
(ရွှေဝတ်ရည်စက္ကူစက်)

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီဘွဲ့**အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ချစ်သူငယ်ချင်း ဆတက်ထမ်းပိုးတိုး၍ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉၈၅ခုနှစ် ကျောင်းဆင်း
ဆရာဝန်သူငယ်ချင်းများ။

ပန်းချီသင်တန်းနှင့် ရက်ကန်း သင်တန်းများဖွင့်

နေပြည်တော် ဇန်နဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက်တွင် ပခုက္ကူမြို့ လူငယ်သင်တန်းကျောင်း၊ ပခုက္ကူ အိမ်တွင်းမှု သင်တန်းကျောင်းနှင့် ရေစကြို အိမ်တွင်းမှု သင်တန်းကျောင်းများသို့ သွားရောက်၍ သင်တန်းဖွင့်လှစ်ရန် ပြင်ဆင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းသည် ဒီဇင်ဘာ ၂၅ ရက်တွင် ပေါက်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းနှင့် မင်းတပ်မြို့ လူငယ်သင်တန်းကျောင်းအမှတ် (၁)နှင့် အမှတ်(၂) တို့ကို စစ်ဆေးသည်။ ထို့နောက် ဒီဇင်ဘာ ၂၆ရက်တွင် မင်းတပ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်း၌ အခြေခံနှင့်အဆင့်မြင့် စက်ချုပ်သင်တန်း၊သိုးမွေးစက်ဆွဲသင်တန်း၊ ကနုတမာ ကျောက်စီပန်းချီ သင်တန်းနှင့် ရက်ကန်းသင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းသူများ သင်ကြားမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ကန်ပက်လက်မြို့ လူငယ်သင်တန်းကျောင်းနှင့် ဆိပ်ဖြူမြို့ အိမ်တွင်းမှု သင်တန်းကျောင်းများသို့ သွားရောက် စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဦးမြတ်သင်းအောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း)–
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)
(ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)တို့၏သားငယ်

မောင်ပြည့်ဖြိုးအောင် B.A (Business Management)
Certified Accounting Technician(ACCA)UK
Managing Director-Flourish Axis Business Holding Pte.,Ltd.(Singapore)
Myint Myat Agrochemical Ent.,Ltd.
ဥက္ကဋ္ဌ–မြန်မာနိုင်ငံပျားလုပ်ငန်းရှင်များအသင်း

နှင့်

ဦးအောင်ငွေး–ဒေါ်ညွန့်ညွန့်စိန်တို့၏တစ်ဦးတည်းသောသမီး

မနှင်းနွယ်ဝင့် B.Sc (Chemistry)

တို့၏ ၆–၁–၂၀၀၇ရက်တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးအားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏မိသားစုများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ လက်စွပ်နှင့်ဆွဲကြိုးတို့အား အောင်သိဒ္ဓိတင်ဆင်မြန်းပေးသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက် အကြီးအကဲများ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် ကူညီပေးကြသော ရတနာအလှူဆင်ပေးသော မခင်အေးမြင့်နှင့်အဖွဲ့၊ သတို့သားအရံကိုကျော်စွာအောင်၊ ကိုမျိုးသန့်၊ သတို့သမီးအရံ မမေသင်းနိုင်၊ Dr. အေးအေးမော်၊ မင်္ဂလာပန်းကိုင်ဆောင်ပေးသော မလွင်နန္ဒာထွန်း၊ မယုယုတင်၊ မစုစုမြတ်၊ မင်္ဂလာပန်းကြဲပေးသော မခင်စပယ်လင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးအောင်–မနှင်းနွယ်ဝင့်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်နေ(ဦးချစ်–ဒေါ်ရီ)တို့၏သားထွေး၊
ဦးကြီးမောင်(Chairman, Pyi Phyo Hein Co.,Ltd.)–ဒေါ်ဝင်းတင်တို့၏ညီငယ်

မောင်ကြည်စိုး(ခ)စိုးစိုး
B.Sc (Maths), D.C.Sc, M.I.Sc
(mks-Mobile Computer Group)

နှင့်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခိုင်ဝင်း–ဒေါ်ခင်အုန်းမြင့်(မနောမယဆေးတိုက်)
တို့၏သမီးထွေး

မမိုးမိုးအေး
B.A (History), M.A (SEAP Studies)
Dip. C.S,C.B.S

တို့၏ ၁၅–၁၂–၂၀၀၆ရက်(သောကြာနေ့)၌ မရမ်းကုန်းမြို့နယ်တရားရုံးတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မြို့နယ်တရားသူကြီး ဦးမင်းဆွေ၊ ၃၁–၁၂–၂၀၀၆ရက်(တနင်္ဂနွေနေ့)၌ Yuzana Garden Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးမောင်ပါ(ဒုတိယမြို့တော်ဝန်)နှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော သူရဦးမြင့်ဦး(ဒု–ဌာနချုပ်မှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်)နှင့်ဇနီး ဒေါ်ခင်အေးမှုတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဦးဇော်ဝင်း(ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန) နှင့်ဇနီး၊ ဦးလှစိုး(အတွင်းရေးမှူး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)နှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများကို ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြလျှောက်လှမ်းပေးသော ထင်လင်း(ခ)တိပွားလေး၊ သဲထက်ရွှေစင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သဲသီရိထွန်း၊ မင်္ဂလာပန်းကြဲပေးသော နှင်းအေးလွင်၊ မင်္ဂလာအောင်စံပယ်ပန်းကိုင်ဆောင်ပေးသော ထက်ထက်လင်းမောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ခင်ပြည့်စုံဦး၊ သတို့သားအရံ စိုးပြေဦး၊ သတို့သမီးအရံ ချစ်ဣန္ဒြေ၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်း၊ မင်္ဂလာအခမ်းအနား မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွါနီးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာအား မေတ္တာဖြင့်ကူညီပေးသော ဦးအောင်ထွန်း(မိုးဇော်ပုံနှိပ်တိုက်)၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကြည်စိုး–မမိုးမိုးအေး။

ချီးကျူးဂုဏ်ပြုခြင်း

ပြည်မြို့ ဦးမောင်မောင်(မျိုးသုခအထူးဆေးကုဌာန)၏ဇနီး **သီဟသုဓမ္မသိင်္ဂီ ဒေါ်လှမြိုင်**(စိန်ရတနာဆေးဆိုင်)သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၄–၁–၂၀၀၇ရက်တွင် **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းမြောက် ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်အောင်မြင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ဆရာဝန်ကြီးများနှင့် ဆရာဝန်များ
မန်နေဂျာများ၊ ဝန်ထမ်းများ
မျိုးသုခအထူးဆေးကုဌာနနှင့် စိန်ရတနာဆေးဆိုင်
ပြည်မြို့။

ချီးကျူးဂုဏ်ပြုခြင်း

ပြည်မြို့ မျိုးသုခ အထူးဆေးကုဌာနနှင့် စိန်ရတနာဆေးဆိုင် မိခင်ကြီး **သီဟသုဓမ္မသိင်္ဂီ ဒေါ်လှမြိုင်** သည် ၄–၁–၂၀၀၇ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ချီးမြှင့်ပေးသော **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသဖြင့် မိသားစုက ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သာသနာ့ အကျိုး၊ နိုင်ငံတော်အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ခင်ပွန်း – ဦးမောင်မောင် (မျိုးသုခ အထူးဆေးကုဌာန)
သား – မောင်ရဲကျော်သူ
သမီး – မမေသီရိခင်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်ကချီးမြှင့်သည် **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့ကို **ဒေါ်ကြွေကြွေ** (တရုတ်တန်းလမ်း၊မုံရွာမြို့) ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မောင်/ညီမ – ကိုမြင့်ဦး–မစန်း၊
တူ/တူမ – မောင်ဟိန်းစိုး–မစံပယ်ဦး၊ မဇင်မာဦး(မုံရွာ)။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၁၆–၁၂–၂၀၀၆ရက် (စနေနေ့)တွင် Summit Park View Hotel ၌ ကျင်းပပြုလုပ်ခဲ့သော **မောင်သုတအောင်** နှင့် **မရွှေသီရိခေတ်** တို့၏မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သုတအောင်–မရွှေသီရိခေတ်။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်ကအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **"အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသော **"ဦးအောင်ကြည်မြင့် (သီရိရတနာမဥ္ဇူသာ)"** ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်အတွက် ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာ ဂုဏ်ယူပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမျိုးမြင့်၊ ဦးသိန်းဇော်၊ ဦးသိန်းဝင်း၊
ဦးသိမ်းစိုး၊ ဦးအောင်စိုး၊ ဦးကျော်ညွန့်၊
ဦးညွန့်လွင်၊ ဦးသက်လွင်၊
ဦးကျန်ထွေး–ဒေါ်အေးအေးလွင်။

တိုင်းရင်းသား ရိုးရာပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ရှေးအစဉ်အဆက်ကပင် အတူတကွ မှီတင်းနေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးစု မောင်နှမများ၏ ယဉ်ကျေးမှုလေ့ထုံးစံ၊ နေထိုင်ပုံဓလေ့စရိုက်များကို တစ်စုတစ်ဝေးတည်း တစ်နေရာတည်း၌ လေ့လာသိရှိနိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပိုမို ဖြစ်ထွန်းလာစေရန်ဟူသော ရည်ရွယ်ချက်ကို ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအနီးတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတည်ဆောက်ဖွင့်လှစ်ပြသလျက်ရှိသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အတွင်းရှိ နန်းမြင့်ပြတိုက်တွင်အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် အလှူရှင် ချင်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးဝမ်လျန်းထန်က ချင်းတိုင်းရင်းသားရိုးရာ အမျိုးသား ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည်နှင့် ခေါင်းပေါင်းတစ်ခု၊ အမျိုးသမီးလုံချည်တစ်ထည်၊အင်္ကျီတစ်ထည်နှင့် ခြုံပဝါတစ်ထည်တို့ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ၂၃ရက်တွင် လာရောက်လှူဒါန်းခဲ့ရာ စီမံကိန်းတာဝန်ခံ ဦးထွန်းဦးက လက်ခံရယူသည်။

တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပစ္စည်းများ လှူဒါန်းလိုပါက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖုန်း–၅၄၄၉၆၆၊ ၅၄၇၀၇၇၊ ၅၄၇၀၈၈၊ ၅၄၇၃၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အလီမွှာမွေးနေ့ (၇-၁-၂၀၀၇)

ပါပါဦးတင်ညွန့်(ကိုလတ်)–မေမေ ဒေါ်ခင်ဝေမူ(မဝေ)တို့၏ တစ်ဦးတည်းသော ချစ်သမီးလေး **သိမ့်ဝတီတင်ညွန့်(ခ)အလီမွှာ** လေး၏(၂)နှစ်မြောက်မွေးနေ့မှ အနှစ်(၁၀၀)တိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

နှစ်ဖက်သော ဘိုးဘိုးကြီး၊ ဘိုးဘိုး၊ ဘွားဘွား၊ ဘကြီး၊ ကြီးကြီးများနှင့်

ကိုကိုကြီး	**– သာခင်ဦး(ခေတ္တ–စင်ကာပူ)**
ကိုကြီး	**– ဥက္ကာအေး–အေးအေးသော်** **(အလင်္ကာဝတ်ရည်စာပေနှင့် အနုပညာလုပ်ငန်း)**
ကိုငယ်လေး	**– အုတ်ကျော်အေး–ခင်ခင်အောင်** **အလင်္ကာဝတ်ရည် Studio**
ကိုကို	**– ငြိမ်းချမ်းဦး**
	– ဗိုလ်နောင်နောင်စိုး
	– နေလင်းယု(တာတူး)
တစ်ဦးတည်းသောမမ	**– မေနှင်းယု(ခ)လုံးလုံး** **Grade-8 (အထက သုဝဏ္ဏ)။**





ချစ်သော အမိဇာတိမြေ မြန်မာပြည်

ဒေါက်တာချိုချိုတင့်(မြန်မာစာ)

"ဇာတိမြစ်ခြေ၊ ရန်အောင်မြေနှင့်
သွန်းရေခံရာ၊ ခန်းဝါထင်ရှား
ရပ်သုံးပါးကို၊ လူများသနင်း
မင်းတို့တံထွာ၊ မမေ့ရာ"

ဟူ၍ တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင် ရေးဖွဲ့ထားပါသည်။ မမေ့အပ်သော အရပ်သုံးပါးတွင် ပါဝင်သည့် "ဇာတိမြေ" ဟူသည် လူသားတိုင်း မမေ့အပ်သော မွေးဖွားရာအရပ်ဖြစ်ပါသည်။ ဤတွင် မြန်မာပြည်ဖွား တိုင်းရင်းသားတို့နေထိုင်ကြရာ မြန်မာပြည်ကြီးသည် မြန်မာတို့၏ဇာတိမြေအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လျက်ရှိနေပါသည်။

လူမျိုးတိုင်း မိမိတို့ဇာတိမြေကိုချစ်ကြပါသည်။ မိမိတို့ဇာတိမြေကို ခင်တွယ်ကြပါသည်။ မိမိတို့ ဇာတိမြေကို တတ်နိုင်သမျှ အကျိုးပြုကြပါသည်။ မည်သည့် နိုင်ငံ၊ မည်သည့် အရပ်ဒေသသို့ ရောက်ရောက် မိမိတို့၏ဇာတိမြေအကြောင်း ပြောဆိုဖြစ်ပါသည်။ အောက်မေ့လွမ်းဆွတ်နေတတ်ပါသည်။ ဤသည်မှာ မိမိတို့နှလုံးသားထဲ၌ ကိန်းအောင်းနေသည့် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးပြီး ကိုယ့်နိုင်ငံကိုချစ်ခင်သော ဗီဇစိတ်ကြောင့် ဟုဆိုရပေမည်။ တစ်နည်းအားဖြင့် ဇာတိမာန် ထက်သန်ခြင်းပင်ဖြစ်သည်။ ဇာတိမာန်ဟူသည် မျိုးရိုးဇာတိကိုအကြောင်းပြု၍ စိတ်နေစိတ်ထား မြင့်မားခြင်း သဘောရှိပါသည်။

မြန်မာစာပေသမိုင်းတွင် ခေတ်အဆက်ဆက်၌ စာဆိုအသီးသီး၏ မိမိတို့ရွာ၊ မိမိတို့မြို့၊ မိမိတို့နိုင်ငံကိုချစ်သော စိတ်ဓာတ်အပေါ်အရင်းတည်၍ ဇာတိမာန်ထက်သန်စွာ မှတ်တမ်းတင်ရေးဖွဲ့ခဲ့သည့် ကဗျာအဖွဲ့အနွဲ့များစွာ ပေါ်ထွန်းခဲ့ပါသည်။

ပုဂံခေတ်က အမည်မသိ စာဆိုရေးဖွဲ့ခဲ့သည့် မြကန်ကဗျာသည် ပုဂံနေပြည်၏ ကျက်သရေဆောင် မြကန်အလှကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ မြကန်ကြောင့် စားဝတ်နေရေးဖူလုံပြီး တိုင်းပြည်အေးချမ်းသာယာကာ အလှူဒါနများ ပြုနိုင်မည်ဖြစ်၍ မြကန်သည် မဟာနိဗ္ဗာန် လက်ဆွဲချီရေကန်ဟုလည်း အမည်တွင်ခဲ့ပါသည်။ "ဘုံဝတီသာမှာ နန္ဒာကန်လော"ဟူ၍ ပုဂံခေတ်မြန်မာတို့ကို စိတ်အေးချမ်းမှုပေးသည့်အတွက် "တာဝတိံသာမှ နန္ဒာကန်နှင့် တူသည်"ဟု မွေ့ပျော်ဖွယ် တင်စားဖွဲ့ဆိုထားပုံမှာ ဇာတိမြေကို ချစ်ခင်သော အရင်းခံစိတ်ကြောင့်ပင် ဖြစ်ပါသည်။

ထို့အတူ ပင်းယခေတ် ငါးစီးရှင်ကျော်စွာ၏ ကာချင်းတွင်

"တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလော
ဟုတ်တည်း ဆွေရင်းဆွေရင်း
ဟုတ်တည်း သည်ရင်းသည်ရင်း
မြင်စိုင်းဟူသည် ရွှေပြည် ရွှေပြည်"

ဟူ၍ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံဖြစ်သော မြင်စိုင်းမြေကို ချစ်သောစိတ်ဖြင့် "ရွှေပြည်"ဟု တင်စားကာ မြင်စိုင်း၏အလှကို ရေးဖွဲ့ဖော်ကျူးထားသည်။ ဤသည်မှာ ငါးစီးရှင်ကျော်စွာ၏ နိုင်ငံချစ်စိတ်ကို သိမြင်စေနိုင်သော အဖွဲ့တစ်ခုပင် ဖြစ်ပါသည်။

တစ်ဖန် အင်းဝခေတ်တွင် တောင်ငူရောက် စာဆိုရှင် ထွေးနာသိန်၏ အင်းဝမြို့ ဖွဲ့ရတု၌"နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆင်းရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရီလျက်မလင်း၊ မဝင်းအုပ်မှိုင်း၊ စစ်ကိုင်းတစ်ဖက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ"ဟူ၍ နေဝင်ကာနီး ဆည်းဆာချိန်တွင် တွေ့မြင်ရသည့် မှိုင်းပျပျ အင်းဝမြို့ မြင်ကွင်း၊ မှိုင်းရီနေသော ပုညတောင်၊ စစ်ကိုင်းတစ်ဖက် သန်လျက်ခုံပေါ်တွင် တည်ထားသော အင်းဝရွှေပြည်တို့ကို လွမ်းဆွတ်ဖွယ် ရေးဖွဲ့ထားသည်။ အင်းဝနေပြည်ကို ချစ်စိတ် လွမ်းစိတ်တို့ဖြင့် ရေးဖွဲ့ထားသော ရတုလေးကို စာဆိုကွယ်လွန်ပြီးမှ ခေါင်းအုံးအောက်တွင် တွေ့ရပုံမှာ ရာဇဝင်တွင်ကျန်ခဲ့ပေသည်။

စာဆို မဟာသီလဝံသကလည်း"တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်မှု" အစချီကာ"နတ်ပြည်တူတမျှလှည့်သော"ဟူ၍ "တို့ရွှေပြည်"၊ "နတ်ပြည်"ဟု သုံးနှုန်းရေးဖွဲ့ခဲ့ပုံမှာ ဇာတိမြေကို မည်မျှချစ်ခင် တန်ဖိုးထားကြောင်း သိသာလှပါသည်။

တောင်ငူခေတ်တွင်လည်း ရခိုင်ပြည် မြောက်ဦးမြို့တော်၏ အလှကို စာဆိုဥက္ကာပျံက ရေးဖွဲ့ခဲ့ပါသည်။ မြောက်ဦး၏အလှကို ဖော်ကျူးရာတွင် **"ယက္ခမှန်ဖူး၊ မြောက်ဦးရွှေပြည်သာ၌၊ များစွာသည်ရွှေလှေပေါင်း၊ သဃ်နဒီ နန်းတော်ဆီဝယ်၊ ရွှေလှေမင်းဆိပ်ချောင်း၌၊ တထောင်းထောင်းပျော်စည်တွင်၊ တူစုံရှုကြည့်ချင်သည်၊ သကြိန်အခါတည့်လေ"**ဟူ၍ မြောက်ဦး သိဃ်နဒီချောင်းအတွင်း၌ သကြိန်ပွဲနွှဲချင်သည့်အဖွဲ့သည် မိမိဇာတိမြေကို အောက်မေ့ တသလွမ်းဆွတ်နေသော စာဆို၏စိတ်ဆန္ဒကို ပေါ်လွင်စေလှပါသည်။

တစ်ဖန် ညောင်ရမ်းခေတ် လူးတားစာဆို ဦးအောင်ကြီးက "ဆယ့်နှစ်လ၌၊ ဆုံးမမြင်၊ သဘင်နှင့်သာ၊ ဆက်ကာကာတည့်၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး"

ဟူ၍ လစဉ်ရာသီပွဲများဖြင့် စည်ကားနေသော အင်းဝနေပြည်တော် အလှကို ဖော်ပြရင်း ကိုယ့်မြို့၊ ကိုယ့်ပြည်၏ ဓလေ့စရိုက်အလှကို စာပန်းချီခြယ် ဖော်ကျူးထားပုံမှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။

ကုန်းဘောင်ခေတ် နာမည်ကျော် လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာတောင်ခြေရတု၌-

"နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊ ကျောင်းသာရာမ်ခင်း၊ စေတီတွင်းဝယ်၊ သီတင်းအလှူ၊ ရွှေပြည်သူတို့၊ စုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မေးခိုက်တွင် အိပ်မက်မြင်သို့၊ မရှင်ရူတ လွမ်းလိုက်လှရှင့်" ဟူ၍ ကုန်းဘောင်နေပြည်တော်ကြီးကို မဲဇာတောကြီးအတွင်းမှ လွမ်းဆွတ်စိတ်ဖြင့် မြင်ယောင်နေသော အဖွဲ့သည်လည်း ဇာတိမြေအပေါ် ချစ်ခင်တွယ်တာစိတ်အား ဖော်ပြနေပါသည်။

တစ်ဖန် ကိုလိုနီခေတ် ရောက်လာသောအခါ ဆရာဇော်ဂျီ၏ ကဗျာများစွာတို့သည်လည်း ကိုယ့်မြို့ကိုယ့်ပြည်ကို ချစ်မြတ်နိုးတတ်လာအောင်၊ ခင်မင်တွယ်တာတတ်လာအောင် ပြုဆောင်နိုင်ခဲ့ပါသည်။ ဆရာဇော်ဂျီ၏ "တစ်ခုသော သင်္ကြန်ခါတွင်" ကဗျာ၌ "ဘယ်မြေဟာစေတီပေါမယ်လဲ့၊ ဘယ်ပြည်ဟာ အပျော်ကြောမယ်လဲ့၊ စိတ်ဇောမြန် မြန်မာမှာဖြင့်၊ သံသရာ ဂရုထားသူမို့၊ ပါးလိုက်ကြပျော်ပျော်သာ၊ အခါကနှစ်ဆန်း"ဟု မြန်မာ့မြေ၊ မြန်မာ့ရေနှင့် မြန်မာ့စိတ်ဓာတ်ကို ဖော်ပြကာ တိုင်းချစ်ပြည်ချစ်စိတ်ကို နှိုးဆွပေးနိုင်ခဲ့ပါသည်။ "သင်္ကြန်အခါ သင်္ကြန်တိုင်ဘုရားမှာ" ကဗျာတွင်လည်း "ကိုလူပျို ဒိုးပတ်ဝိုင်းပေမို့၊ ရပ်တိုင်းမှာ ဆူဆူညံပ့်၊ အလှူခံလုပ်တဲ့ပွဲကိုလ၊ နွှဲနေကြတို့ပြည်မှာ---"၊ "သာဆန်းကဒိုးပတ်၊ ဖိုးမြတ်ကပွေ့တို၊ ဖေညိုကလင်းကွင်း၊ သာညှင်းကသံတိုင်"-- "နေခြည်ကမေးမေး၊ စေတီကသေးသေး၊ အမွှေးနှင့် ရေသပ္ပာယ်"ဟု အလံတိုင်ဘုရားမှာ ရေသပ္ပာယ်ပုံ "အခွင့်ငယ်သာ ပျော်ချင့် ပျော်စရာပ၊ ဆုတောင်းကာ ရည်ရွယ်ဆောင်ကြပေ့၊ ဘယ်ပြည်ထောင်သည်လို ထူးနိုင်ပ့်" ဟူ၍ မည်သည့်နိုင်ငံနှင့်မျှ မတူနိုင်သော ကိုယ့်တိုင်းပြည်၏ ပျော်စရာကောင်းပုံ၊ ချစ်စရာကောင်းပုံ ဓလေ့စရိုက်တို့ကို ပုံဖော်ပြရင်း တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။

အမိဇာတိမြေကို ချစ်ခင်တွယ်တာမှုဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြစေလိုသော စေတနာကို ဖော်ကျူးသည့် ကဗျာအဖြစ် ပျဉ်းမနား မောင်နီသင်း၏ "ပြည်ထောင်စုမိုးကောင်းကင်"ကဗျာတွင်-

"ငါတို့လောက ဝေအောင်လှသည့်
ပန်းတစ်ပွင့်မျှ မချိုးကြလင့်
ချိုးကြချူးကြ ဖျက်ဆီးကြက
တို့ဘဝပေး၊ အသက်ပေးအံ့
တို့သွေးထဲက ပြည်ထောင်စု။
ငါတို့ချစ်သည် ငါတို့ပြည်ကို
တို့သည်စောင့်ကြပ်၊ ဘဝအပ်၍
မြတ်နိုးချစ်ကြ၊ ပူဇော်ကြလျှင်
မြူမှုဝေ့ကာ၊ ညှို့မလာဘဲ
ကမ္ဘာ့အတည်၊ ပြာနှကြည်အံ့
ပြည်ထောင်စု၏ မိုးကောင်းကင်"

ဟု ဖွဲ့ဆိုထားပုံမှာလည်း ဇာတိမာန် တက်ကြွဖွယ်ကောင်းလှပါသည်။ မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်ကြရန်၊ ချစ်မြတ်နိုးကြရန် အသိပေး နှိုးဆော်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လွတ်လပ်လပ် တင့်တင့်တယ်တယ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့သမားတို့၏ လက်အောက်တွင်လည်း နှစ်ပေါင်းရာချီ၍ နေခဲ့ဖူးပြီဖြစ်ပါသည်။ ထို့ကြောင့် "နွယ်လျှင်မတူ၊ ဘယ်သူလူမျိုး၊ ဘယ်သို့ကိုးလည်း၊ ဖြစ်ဆိုးမည်"ကို တိုင်းရင်းသားအားလုံး သိရှိနားလည်ကြပါသည်။

စင်စစ် အမိမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိဖို့ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးတန်ဖိုးကြီးလှသည့်အတွက် အစဉ်အမြဲ သတိရှိစေလိုကြောင်း၊ နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း ပြည်ထောင်စုအလံကို နှင်းများဝေ၍ သဇင်ပန်းရနံ့ သင်းပျံ့ချိန်ကာလ၊ အောင်ပွဲခံသော ကာလတို့၌ လွတ်လပ်ရေးအတွက် အသိတရား၊ ဆင်ခြင်တုံတရားရှိစေလိုကြောင်းကို ဆရာဇော်ဂျီက "လွတ်လပ်ရေးအောင်ပွဲနေ့" ကဗျာ၌-

"မလွယ်ခဲ့ပုံ၊ သာနာစုံကို
အာရုံမျက်မြင်၊ စွဲစေချင်သည်
မင့်တွင် သတိရှိပါဘိ။
နှစ်စဉ်ဤနေ့၊ အောင်ပွဲနေ့ဝယ်
နှင်းငွေလေပင့်၊ အောင်လံလွှင့်သော်
မင့်တွင်အသိ ဖြန့်ပါဘိ"

ဟူ၍ သတိပေးနှိုးဆော်ကာ လိုက်နာဆင်ခြင်စေခဲ့ပါသည်။ **ဘိုးဘွားအစဉ်အဆက်သည် အသက်၊ သွေးတို့ကို စတေး၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ**ရပါသည်။ ဘိုးဘွားအစဉ်အဆက်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးခဲ့ကြရသည်။ ကိုယ့်ရပ်ကိုယ့်မြေ၊ ကိုယ့်တိုင်းပြည်ကို အလွန်တွယ်တာခဲ့ကြပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီသည် အမျိုးကိုချစ်သောစိတ်ဓာတ်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးသော စိတ်ဓာတ်ဖြင့် "မင့်အိမ်" ဟူသောကဗျာတွင်-

"မကောင်းမင့်အိမ်၊ ကောင်းမင့်အိမ်တည့်၊
မင့်အိမ်ရွှဲစို၊ အမိုးယိုသော်
မငြိုးသင့်ပါ၊ မင်းတက်ဖာပေ့
အကာအခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေ့
အခွင်အနဲ့၊ အရွဲ့အစောင်း
မကောင်းမပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ဉာဏ်ဖြင့်ဆ၍
လုံ့လသက်သွင်း သစ်စေမင်း"

ဟူ၍ မြန်မာပြည်ကို နိမိတ်ပုံပြုကာ မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း ရေးဖွဲ့ထားပုံမှာ ဇာတိမာန်တက်ကြွဖွယ်ရာ ဖြစ်စေပါသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် သယံဇာတ၊ တောတောင်ရေမြေ၊ သဘာဝ အလှအပများဖြင့် အေးချမ်းစွာတည်ရှိသောနိုင်ငံ ကိုယ်ပိုင်ယဉ်ကျေးမှုများစွာဖြင့် ပြည့်စုံသော ထေရဝါဒနိုင်ငံ၊ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး မွေးဖွားရာ နိုင်ငံဖြစ်သည့် ချစ်သောအမိဇာတိမြေ မြန်မာပြည်ကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ဝိုင်းဝန်းလက်တွဲ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ထိုအသိတရားကို သတိထားလိုက်နာနိုင်စေရန် မြန်မာပြည်ဖွား တိုင်းရင်းသား မောင်နှမအားလုံး ပိုင်ဆိုင်သည့် မြန်မာပြည်ကြီး၏ ၂၀၀၇ခုနှစ်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လွတ်လပ်လပ် တင့်တင့်တယ်တယ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်။

ဘိုးဘွားအစဉ်အဆက်သည် အသက်၊ သွေးတို့ကို စတေး၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ။

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်အတွင်း ထာဝရ ရေပဒေသာပင် အပင် ၁၀၀၀ စိုက်ထူလှူဒါန်းမည်ဖြစ်ရာ ရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ် ၁၂၀၀၀နှုန်းဖြင့် အပင်၂၀ အတွက် ငွေကျပ် ၂၄၀၀၀၀ကို ဒေါ်ညွန့်ခင် အထက(၁)မင်္ဂလာဒုံနှင့် ဆရာ ဆရာမ မိသားစုများ၊ ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းရာ အကျိုးဆောင် ဒေါ်လှလှစိုးက ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ကောလင်း ဒီဇင်ဘာ ၂၀

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များသို့ မအေးမနှင့်အခြားဝတ္ထုတိုများ ကိုနေ-ကောလင်း၊ အမျိုးသားစာပေဆုရ၏ စာအုပ်များ ပေးအပ်ပွဲကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်အဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး စာရေးဆရာ (ကိုနေ-ကောလင်း (အမျိုးသားစာပေဆုရ)က မအေးမနှင့် အခြားဝတ္ထုတိုများ စာအုပ်အကြောင်းကို ရှင်းလင်းပြီး ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ရေးအတွက် မအေးမနှင့် အခြားဝတ္ထုတိုများ စာအုပ်များကိုအတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)သို့ လွှဲပြောင်းပေးအပ်သည်။ **(ဝ၂၆)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန် မာ ကျောင်း (မူ လ ကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ဦးဇော်ဝင်း - ဒေါ်ခင်မျိုး

မြင့်၊ သား ဗိုလ်ကြီး နေလင်း၊ သမီး မခင်ကေခိုင်ဇော်၊ မစောစန္ဒီဇော်မိသားစု အမှတ် ၇၃၅ မာလာနွယ်လမ်း မေတ္တာညွန့်ရပ် တာမွေမြို့နယ် ရန်ကုန်မြို့က အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ချောက်မြို့၌ ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြောပြိုင်

ချောက် ဇန်နဝါရီ ၂

ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကဗျာရွတ်၊ ပုံပြင်နှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈နာရီက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မ ရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး(ဂ)အဆင့်ရုံး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့်ပင်မမန်နေဂျာဦးသန်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အင်အား ၂၀၀ ကျော် တက်ရောက်ကြသည်။

ဆက်လက်၍ ဆုရ ကျောင်းသား ကျောင်းသူများကို မြို့နယ်ဥက္ကဋ္ဌ ပင်မမန်နေဂျာနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

(၉၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ဖာကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက မော်လမြိုင် ဆရာတော်ချင်းတွင်း အရှင်ကလျာဏ လူမှုထူးချွန်ပထမဆင့် **(အပေါ်ပုံ)** သည် ဒီဇင်ဘာ ၁ရက်က ရန်ကုန်တိုင်း အလုံမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူဘဏ်တွင် (၉၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

တိုက်ကြီးမြို့ ငှက်ပျောတောလမ်း ကတ္တရာလမ်းသစ်ဖွင့်

တိုက်ကြီး ဇန်နဝါရီ ၁

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း တိုက်ကြီးမြို့ အိုးတန်းရပ်ကွက် ငှက်ပျောတောလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် လမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

မိုင်းယုမြို့ ကမ်းနားလမ်း ကျောက်ချောခင်း

မိုင်းယု ဒီဇင်ဘာ ၃၀

မိုင်းယုမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကမ်းနားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၀ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့် ဦးဆောင်သောအဖွဲ့ဝင်များ ရောက်ရှိစစ်ဆေးရာ မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းက လုပ်ငန်းနှင့် ပတ်သက်သော ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဒီဇင်ဘာ ၁၀ရက်က မိုင်းဖြတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တိုင်ပန်းခြံကို ကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု၊ ဓာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်စုမှူး ဦးဇော်မင်းထွဋ်တို့က ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး စားသောက်ဆိုင်များ သန့်ရှင်းရန်ဆောင်ရွက်

ဖျာပုံ ဇန်နဝါရီ ၃

ဖျာပုံမြို့နေပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် စည်ပင်သာယာရေး ဈေးကြီးအတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် သားငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး၊ အစားအသောက်များသန့်ရှင်းစင်ကြယ်စွာပြုလုပ်ရေး၊ ဆိုင်အတွင်းအပြင် သန့်ရှင်းရေးတို့ကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသီဟထွန်း၊ ဒုတိယဦးစီးမှူး(ဈေး)ဒေါ်တင်မြိုင်တို့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(၁၅၈)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၆ ရက်
၈-၁-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (GMP နှင့်အညီ တိုင်းရင်းဆေး ထုတ်လုပ်မှုအကြောင်း)
၁၁း၄၀	သုတစုံစွာ သိမှတ်စရာ (လမ်းလျှောက်လေ့ကျင့်ခြင်း၏ အကျိုးကျေးဇူး-သိပ္ပံမှူးတင်)
၁၂း၀၀	တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅	အားကစားသတင်းပဒေသာ
၁၂း၄၀	သီချင်းကြီးပဒေသာ (၁) တဖုဿအစချီ ရွှေတိဂုံ သမိုင်းဘွဲ့ (သုဝဏ္ဏယဉ်ယဉ်အောင်) (၂) ကုန်းဘောင်ပရမေပတ်ပျိုး (ဦးသိန်းကြွယ်)
၁၃း၀၀	ပညာရေးအစီအစဉ် (စတုတ္ထတန်း-ပထဝီဝင်) (မန္တလေးတိုင်း)

ညနေပိုင်း

၁၆း၁၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ (၁) တောပန်းသဇင် (ချိုပြုံး) (၂) လယ်သူမလေးထားမေ (ရဲဘော်စိုးနိုင်) (၃) ဒို့ရွာသာယာ (မြင့်အုန်း-ချိုဝေလွင်-ပြုံးယဉ်)
၁၇း၃၀	တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇း၄၀	မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လပြာသို မြခွာညိုသင်းပြန်တော့-သာရဝေါစိုးကြည်)
၁၈း၄၅	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	နိုင်ငံတော် သံစုံတီးဝိုင်း
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) လက်ကျန်ဘဝလေး ဆက်တော့မယ် (တိုးတိုးလွင်) (၂) ကိုလေးတို့ မောင်းမကန် (မောင်ကြည်တိုး) (၃) သကာနှုတ်ခမ်းနဲ့ တမာအသည်း (တက္ကသိုလ်ခင်မာရီ)

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
ရန်ကုန်တိုင်း တရားရုံး
၂၀၀၆ ခုနှစ် တရားမအထွေထွေအမှုအမှတ်–၃၀၅

ဒေါ်စန်းစန်းငွေ **နှင့်** ၁။ ဒေါ်စန်းစန်းနိုင်
၂။ ဒေါ်မို့မို့လတ်

လျှောက်သူ **အလျှောက်ခံရသူ**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာဂုဏ်ရောင်ကွန်ဒိုအမှတ်–၆၀(အိတ်ဂျ်)နေ ဒေါ်မို့မို့လတ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ ဒေါ်စန်းစန်းငွေက ဤရုံးသို့ တရားမထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈–အရ ဝရမ်းခွာပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၂ရက် (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စောစံလင်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

BEST TRAINING CENTRE
DECK OFFICERS
DMA MBA

၂၀၀၇ခုနှစ် – နှစ်သစ်ကိုကြိုဆိုသောအိမ်ရာမြေအရောင်းပွဲတော်
(1.1.2007 မှ 31.1.2007) အတွင်း
"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မှန်မြတ်သောစေတနာ"
(လူတိုင်း လူတိုင်း တိုက်နှင့် မြေနှင့် နေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ကမာရွတ်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊သာကေတမြို့နယ်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE , ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၁၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။
အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန် ဦးစီးဌာနသို့ ပေးသွင်းပါမည်။
တိုက်ခန်းတန်ဖိုးအနည်းဆုံး ကျပ် (၂၄)သိန်း ဖြစ်ပါတယ်။
အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ်(၁၃၀)ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၇၅၅၊ ၅၄၀၇၅၆၊ ၅၄၀၇၅၇



စက်ရေတွင်းတူးဖော်

ဒီဇင်ဘာ ၇ရက်က တောင်သာမြို့နယ် ဆင်ဖြူကျေးရွာ အလှူရှင် လှူဒါန်းငွေဖြင့် စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်) လက်ထောက်အင်ဂျင်နီယာ ဦးအောင်ရှိန် ဦးစီး၍ စက်ရေတွင်း တူးဖော်နေခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆိပ်ဖူးတောင် ပရဟိတဂေဟာ

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတဂေဟာ၌ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါကျောင်းတိုက်ခန်းမဆောင်၌ ကျင်းပစဉ်။ (က–ပ)

မြို့နယ် သတင်းများ

မိုးညှင်းမြို့ မော်ဟန်ကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးဝေရေးလုပ်ငန်းကို ဒီဇင်ဘာ ၁ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဒေဝအောင် ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးနှင့် အမှုဆောင်အရာရှိ ဦးစိုးညွန့်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုင်းရှူးမြို့ စိုက်ပျိုးရေးလမ်း ပေါင်းမြက်များရှင်းလင်း ရေနုတ်မြောင်းတူးဖော်

မိုင်းရှူး ဒီဇင်ဘာ ၂၃

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာ တစ်လျှောက် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃ရက်က ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူရဆွေတို့ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ပင်လှကျေးရွာ အလှူရှင် စက်ရေတွင်း တူးဖော်ဆောင်ရွက်မှု အခြေအနေကို ဒီဇင်ဘာ ၆ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးလှသိန်းအောင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည် ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းမည်

ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပြီး ညပိုင်းများတွင် ဆင်အက၊ မြန်မာ့ရိုးရာခြင်း အလှခတ်ပွဲများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖြင့် ဖျော်ဖြေခြင်း၊ ၂၈ရက် နံနက် ၉နာရီတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာ ၁၀၈ပါးနှင့် သီလရှင် ၃၁ပါး တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်ကောင်းမွန်အောင် အလေးထားလေ့ကျင့်ပေးခဲ့ ဆွေးနွေးပို့ချမှုများအပေါ် ကိုယ်ပိုင်အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး နယ်မြေအကျိုးသယ်ပိုး အပြုသဘောဆောင်သည့်လုပ်ရပ် တိုးမြှင့်လုပ်ဆောင်ရင်း အခြေအနေမှန်များ ပြည်သူသိရေးဆောင်ရွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး စည်းရုံးရေးစွမ်းအားဖြင့်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး)သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သစ်အချောထည်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကူညီ ကျွန်း၊ ပျဉ်းကတိုးအပြင် လူသုံးနည်း သစ်များ တိုးချဲ့အသုံးချ လှိုင်သာယာစက်မှုဇုန်(၃)၌ သစ်အချောထည်စက်ရုံဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည်စက်ရုံ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးမြင့်မောင်နှင့် စက်ရုံ မန်နေဂျင်းဒါရိုက်တာဦးအောင်နိုင်ဦးတို့က စက်ရုံကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း သစ် ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ခွဲသားများ ထုပ်ပိုးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့အသုံးချ

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးက စက်ရုံအကြောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သစ်အချောထည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီသွားမည်ဖြစ်ကြောင်း၊ ကျွန်း၊ ပျဉ်းကတိုးသစ်များအပြင် လူသုံးနည်း သစ်များကို တိုးချဲ့အသုံးချသွားရန်လိုကြောင်းနှင့် လုပ်ငန်းကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ စက်ရုံမှ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်သစ်ခွဲသားများကို ထိုင်း၊ အီတလီနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)